ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 25 July 2018 ၉၃၅၈



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Paul Rene Seger အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြင်သစ်နှင့် ဆွစ်ဇာလန် သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Olivier Richard အား ယနေ့ ညနေ ၃ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Paul Rene Seger အား ညနေ ၄ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Saleumxay Kommasith အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာအိုနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Saleumxay Kommasith အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ကလေးသေဆုံး စောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အကောင်အထည်ဖော်မှု လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ အသိပေးဖြန့်ဝေခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ကလေးသေဆုံး စောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အကောင်အထည်ဖော် ဆောင်ရွက်မှု လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ အသိပေးဖြန့်ဝေခြင်း အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ယမန်နေ့တွင် Grand Amara Hotel ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးက ကလေးသေဆုံး စောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှု လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာကို အသေးစိတ်လေ့လာ သုံးသပ်ရန် လိုအပ်ကြောင်း၊ တွေ့ရှိချက်များ အပေါ်မူတည်၍ ကလေးများ ရောဂါဖြစ်ပွားမှုနှင့် ကလေးသေဆုံးမှုလျော့နည်းအောင် မိမိတို့အနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို စဉ်းစားဆုံးဖြတ်သွားရန် အရေးကြီးကြောင်း၊ တွေ့ရှိချက်များအပေါ် အခြေခံ၍ ကလေးကျန်းမာရေးဌာန၏ လက်ရှိရည်မှန်းချက်များ၊ မဟာဗျူဟာများ၊ မူဘောင်များ၊ လုပ်ငန်းစဉ်များနှင့် လက်တွေ့ဆောင်ရွက်နိုင်မှု အခြေအနေများကို ပြန်လည်ဆန်းစစ်သုံးသပ်မှုပြုပြီး လိုအပ်သလို ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ကလေးများ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကျဆင်းရေး ဆောင်ရွက်ရာတွင် ကလေးကျန်းမာရေးဌာနခွဲတစ်ခုတည်းဖြင့် ဆောင်ရွက်ရန်မဖြစ်နိုင်ဘဲ အာဟာရဖွံ့ဖြိုးရေး၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ရောဂါနှိမ်နင်းရေး၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဌာနခွဲ စသည့် အခြားကျန်းမာရေး စီမံချက်အမျိုးမျိုးနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အပြင် ကလေးကျန်းမာရေးကဏ္ဍတွင် ဆောင်ရွက်နေသော NGO များ၊ INGO များ၊ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့များမှ ကလေး အထူးကုများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များ ရရှိနိုင်ရန် ကျန်းမာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (HMIS) နှင့်လည်း ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း။

အစီရင်ခံစာပါ ကိန်းဂဏန်းအချက်အလက်များကို သေချာစွာခွဲခြမ်းစိတ်ဖြာလေ့လာ၍ အသုံးဝင်သော သတင်း အချက်အလက်များအဖြစ် ပြောင်းလဲပြီး ပကတိလက်တွေ့မြေပြင်အခြေအနေနှင့် ကိုက်ညီသော သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အလိုက် လက်တွေ့ဆောင်ရွက်နိုင်သော မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားသည်။

ထို့နောက် Unicef အဖွဲ့၏ Health and Nutrition Unit ၏ Chief ,Dr. Madani B. Thiam က မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ကလေးသေဆုံးမှုများသော နိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်၍ ကလေးသေဆုံးမှုနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အကောင်အထည်ဖော် ဆောင်ရွက်မှုစနစ်သည် မြန်မာနိုင်ငံအတွက် လိုအပ်ပြီး အရေးကြီးကြောင်း၊ ယခုအစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက်များကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန်အတွက် Unicef အဖွဲ့အနေဖြင့် ဝန်ကြီးဌာနကို လိုအပ်သော နည်းပညာနှင့် ထောက်ပံ့ကူညီမှုများ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကလေးသေဆုံးမှု စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းဆန်းစစ်တွေ့ရှိချက် အစီရင်ခံစာကို တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြေးမုံ

## လူ့စွမ်းအားအရင်းအမြစ်

မျက်မှောက်ကာလ၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်ရာတွင် လူတစ်ဦးချင်း အရည်အချင်း တိုးတက်ခြင်းမှ အဖွဲ့အစည်းတစ်ခုလုံး၏ အရည်အချင်းတိုးတက်အောင် ပြုပြင်ပြောင်းလဲ ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရသည်။ နေပြည်တော်တွင် ပထမအကြိမ် ပြုလုပ်ခဲ့သော စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားတွင် လူတစ်ဦးချင်းစီ၏ အရည်အချင်း၊ အရည်အသွေးတိုးတက်ခြင်းနှင့် ပတ်သက်၍ ခေတ်သစ်တစ်ခုကို အကောင်အထည်ဖော်ရာတွင် ပညာ၊ စေတနာ၊ သတ္တိဟူသည့် အရာသုံးမျိုးလိုအပ်ကြောင်း၊ ပညာရှိမှသာ မှန်ကန်သည့်လမ်းမှန်ကိုရွေးတတ်ပြီး လမ်းမှန်ပေါ်ရောက်ရှိမှာဖြစ်ကြောင်း၊ လမ်းမှန်ကို သိသော်လည်း သွားချင်သည့် စေတနာရှိဖို့လိုကြောင်း၊ မိမိအကျိုးစီးပွား၊ အဖွဲ့အစည်း အကျိုးစီးပွားသာမက နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးလိုသည့် စေတနာရှိမှသာ လမ်းမှန်ကို လျှောက်လှမ်းနိုင်မှာဖြစ်ကြောင်း၊ သတ္တိရှိစွာဖြင့် လမ်းသစ်ကို လျှောက်လှမ်းဖို့လည်းလိုကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားသည်။

လောကလူ့ဘောင်(ခေတ်သစ်)တစ်ခုကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်ပြထားသကဲ့သို့ ပညာ၊ စေတနာ၊ သတ္တိတို့နှင့်ပြည့်စုံသော လူသားများ လိုအပ်သည်။ ယင်းတို့သည်သာ စစ်မှန်သော လူ့စွမ်းအားအရင်းအမြစ်များ၊ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြပြီး လောကသစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဖန်တီးနိုင်မည်ဖြစ်သည်။ ခေတ်မီတိုးတက်ပြီး အသိဉာဏ်အမြော်အမြင်ကျယ်ပြန့်လာသော ခေတ်ကာလတွင် ထိုသို့သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ပြုစုပျိုးထောင်လေ့ကျင့်အားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံအတွင်း၌ရှိသည့် လူသားများအားလုံးကို လူ့စွမ်းအားအရင်းအမြစ်များဟု ယခင်က အလွယ်တကူ ခေါ်ဆိုခဲ့ကြသည်။ လူသားများဆိုသည်မှာ ယောကျ်ား၊ မိန်းမ အရွယ်သုံးပါးမရွေး လူအားလုံးတို့ကို ခြုံငုံပြီး လူဟူ၍ အမည်ပညတ် သတ်မှတ်ထားခြင်းဖြစ်ပြီး ယင်းတို့သည် လူသာမန်တို့သာဖြစ်ကြကာ လူ့စွမ်းအားအရင်းအမြစ်ဟု သတ်မှတ်ခြင်းမှာ မဖြစ်နိုင်သေးချေ။

လူတို့သည် လူ့ဘောင်အဖွဲ့အစည်း၊ မိမိအဖွဲ့အစည်း အသိုက်အမြုံတို့အတွက် စွမ်းနိုင်သလောက် အကျိုးဆောင်ပေးနိုင်မှသာလျှင် လူ့စွမ်းအားအရင်းအမြစ်ဟု ခေါ်ဆိုထိုက်သည်။ ဤလောကတွင် အချို့သော လူတို့သည် လူ့ဘောင်လောက၊ လူ့အဖွဲ့အစည်း၊ မိမိအသိုက်အမြုံတစ်ခုခုအတွက် အကျိုးပြုခြင်းမရှိသည့် လူ့အတ္တများလည်း များစွာရှိသည်။

ယခင်ကာလက လူအားလုံးကို လူ့စွမ်းအားအရင်းအမြစ်ဟု ဆိုခဲ့ကြသော်လည်း (၂၁)ရာစု မျက်မှောက်ကာလတွင် လူ့စွမ်းအားအရင်းအမြစ်ကို သတ်မှတ်ရာ၌ လူသားအားလုံးကို မသတ်မှတ်တော့ဘဲ ထိုလူတစ်ယောက်တွင် ရှိအပ်သည့် သုတ၊ ကျွမ်းကျင်မှုအတတ်ပညာ၊ သဘ္ဘာတို့ကိုပါ ထည့်သွင်းသတ်မှတ် တိုင်းတာလာကြသည်ကို တွေ့ရသည်။ ယင်းသည်ပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်းဆိုသော အရည်အချင်း သဘောထားများပင် ဖြစ်သည်။ ကျွမ်းကျင်မှုတည်းဟူသော အတတ်(ပညာ)၊ သုတတည်းဟူသော အသိအမြင် ဗဟုသုတမှပေါ်ထွက်လာသည့်(စေတနာ)နှင့် အတွေ့အကြုံသဘ္ဘာဖြင့် ဆုံးဖြတ်နိုင်သည့်(သတ္တိ)တို့ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ထွန်းအောင် ကြိုးပမ်းအားထုတ်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသစ်ကို တည်ဆောက်နေသောကာလ၌ မိမိကိုယ်ကို အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်အောင် ကြိုးပမ်းအားထုတ်ရင်းမှ မိမိ မိသားစုဘဝ၊ မိမိ ပတ်ဝန်းကျင်ဘဝ၊ မိမိနိုင်ငံ၏ လူမှုဘဝများ တိုးတက်မြင့်မားလာအောင် ဖော်ဆောင်ကြရမည်ဖြစ်သည်။ ထို့အပြင် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံရေးနှင့် မြန်မာ့နိုင်ငံရေး အခြေအနေတို့ကိုလည်း မျက်ခြည်မပြတ် အစဉ်အမြဲလေ့လာဆည်းပူးကြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို စေတနာရှေ့ထား၍ လုပ်ကိုင်ဆောင်ရွက်နိုင်ကြစေရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ॥

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂၄**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၆၅၀၀ | - | ၉၄၆၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၆၅၀၀ | - | ၉၄၆၅၀၀ |

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၅/၉၁၅ ကျပ်၊ | ၉၄၅/၉၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၉၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၇၀/၈၉၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၅/၈၇၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၅/၈၈၂ ကျပ်၊အောက်တိန်း ၉၂ တစ်လီတာ ၈၁၀/၈၁၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၅. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၉. ၆၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၅၃၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၀. ၀၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၆၈၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၀. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၃၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၀. ၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၄၂. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ငါ့သရောက် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို ဇူလိုင် ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ငါ့သရောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို ညောင်ဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးနှင့် ဝန်ထမ်းများက လာရောက်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျောင်းသား ကျောင်းသူ ၁၄၉ ဦး နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးနိုင်ခဲ့ကာ ငါ့သရောက်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းနှင့်ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးက နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

☆ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-ပြင်သစ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေး၊ မြို့ပြဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Olivier Richard အား လက်ခံတွေ့ဆုံစဉ်။



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်နိုင်ငံ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ (China Publishing Group-CPG) ဥက္ကဋ္ဌ H.E. Mr. Tan Yue အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ပုံနှိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ အတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို စာကြည့်တိုက်၌ ဆက်လက်ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ (China Publishing Group-CPG) ဥက္ကဋ္ဌ H.E. Mr. Tan Yue ကစာအုပ်များ ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ကလက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ **သတင်းစဉ်**

## သံအမတ်ကြီး ဦးသာအောင်ညွန့် မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၅**

မာရှယ်ကျွန်းစုသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်သည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၁၇ ရက်တွင် မာဂျူရိုမြို့၌ မာရှယ်ကျွန်းစု သမ္မတနိုင်ငံသမ္မတ ဒေါက်တာဟေလ်ဒါစီ ဟိုင်နတ်အီးဒီဒီထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ **သတင်းစဉ်**

## စစ်တောင်းနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့နှင့် ဘားအံမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **ကြေးမုံ**

# မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ-လာအိုနှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Saleumxay Kommasith တို့ ဦးဆောင်သော နှစ်နိုင်ငံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ဓာတ်ပုံ)**



ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသော လျှပ်စစ်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် မြန်မာ-လာအို ချစ်ကြည်ရေးတံတားဆိုင်ရာ နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် ခရီးသွားလုပ်ငန်းတို့ အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် နယ်ပယ်စုံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန်လည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် လာအိုကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လာအိုနိုင်ငံခြားရေး ဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ The Hilton ဟိုတယ်၌ နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**

## ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နိုင်

**နေပြည်တော် ဇူလိုင် ၂၄** ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိသဖြင့် ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **ကြေးမုံ**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ ရှင်းလင်းဖြေကြား

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားခြင်းနှင့် အဆိုတစ်ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မိုင်းယန်းမြို့တွင် အထက်တန်းပြဆရာ ဆရာမများ ဖြည့်ဆည်းခန့်ထား ဆောင်ရွက်ပေးမည်

အစည်းအဝေးတွင် မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ **မိုင်းယန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ လစ်လပ်နေသော အထက်တန်းအဆင့် ဘာသာပြဆရာ ဆရာမများကို အချိန်မီခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ ဆရာမများ ခန့်ထားပေးရန်အတွက် လာမည့်ပညာသင်နှစ် ဆရာ ဆရာမများ အပြောင်းအရွှေ့ရာထူးတိုးများ ခန့်ထားဆောင်ရွက်ချိန်တွင် ဆန္ဒပြုလျှောက်ထားသူများအနက်မှ သင်ကြားမည့်ဘာသာရပ်များ ကိုက်ညီသူများကို လုပ်သက်တမ်း စိစစ်မှုဘောင်အရ ဖြည့်ဆည်းခန့်ထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မို့မို့လွင်၏ **စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်တွင် လိုအပ်လျက်ရှိသော စာသင်ဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ရာထူးနေရာများတွင် ဖွဲ့စည်းပုံပြည့်မီအောင် ဝန်ထမ်းများ ခန့်ထားပေးပါရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မုန်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းအုပ်ကြီး တစ်ဦး၊ အထက်တန်းပြ ခုနစ်ဦး၊ အလယ်တန်းပြ-(၁) ငါးဦး၊ အလယ်တန်းပြ(မီဒီယာ) တစ်ဦး၊ အလယ်တန်းပြ-(၂) သုံးဦး၊ မူလတန်းပြ ရှစ်ဦး ဝန်ထမ်းအင်အား စုစုပေါင်း ၂၅ ဦးရှိပါကြောင်း၊ အလယ်တန်းပြ (ကာယ)၊ စာရေး-၁၊ ရုံးအကူ၊ သန့်ရှင်းရေး၊ ကျောင်းစောင့်တို့ လစ်လပ်လျက်ရှိပါကြောင်း၊ အဆိုပါကျောင်းတွင် အထက်တန်းပြနှင့် အလယ်တန်းပြ လစ်လပ်မှုမရှိဘဲ ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်စွဲဖြင့် မူလတန်းပြ သုံးဦးအား ဖြည့်ဆည်းခန့်ထားပေးခဲ့ပြီး ဖြစ်ပါကြောင်း။

## မုန်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် တစ်ထပ်ဆောင်အသစ် ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်ထား

မုန်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လက်ရှိတွင် ပေ(၈၀×၂၀) သွပ်မိုးအုတ်ညှပ် တစ်ဆောင်၊ ပေ(၃၀×၂၀) သွပ်မိုးထရံကာ တစ်ထပ်ဆောင်တစ်ဆောင်၊ (၆၃×၂၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ (၃၆×၂၀)ပေ သွပ်မိုးထရံကာ တစ်ဆောင်၊ (၉၀×၂၄)ပေ သွပ်မိုးအုတ်ညှပ်တစ်ဆောင်၊ ပေ(၃၀×၂၀) သွပ်မိုးထရံကာ တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ(၃၀×၂၀) RC တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း စာသင်ဆောင် ခုနစ်ဆောင် အသုံးပြုသင်ကြားလျက်ရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မုန်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ပေ (၁၄၀×၃၀) တစ်ထပ်ဆောင်အသစ် ဆောက်လုပ်ပေးရန် လိုအပ်သည့် ရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ရရှိမှသာ ခွဲဝေရရှိမှုနှင့် ရန်ပုံငွေအပေါ်မူတည်ပြီး ဦးစားပေးအဆင့် လျာထားဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ ဆီဆိုင် မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်းနှင့် ဒလမဲဆန္ဒနယ်မှ ဒေါက်တာ ဦးစိန်မြအေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

## အဆင့်မြင့်တင် ပျိုးထောင် စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်၊ မြောက်ပိုင်းခရိုင်ဦးစီးမှူး ဦးမိုးခိုင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စိမ်းလန်း ခါတုကင်းလွတ် ဇေ ၁၀၀ စိုက်ကွင်းသို့ သွားရောက်ကာ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ပညာပေးခြင်း၊ သီးနှံများစိုက်ပျိုးရာ၌ ပျိုးဗန်း(Tray)များဖြင့် စနစ်တကျပျိုးထောင်၍ အဆင့်မြင့်တင် စိုက်ပျိုးနိုင်ရေးတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးသည် စိုက်ပျိုးရေးဦးစီးဌာနနှင့် You and I သမဝါယမအဖွဲ့တို့ ပူးပေါင်းကာ မျိုးယှဉ်ပြိုင်စမ်းသပ်ထားသော ဥကန်စွန်းစိုက်ခင်းနှင့် ညောင်နှစ်ပင်စိုက်ပျိုးရေးခြံတွင် လက်ရှိ ဆောင်ရွက်လျက်ရှိသည့် ပျိုးဗန်း(Tray) များဖြင့်ပျိုး၍ ခါတုကင်းလွတ် စိုက်ပျိုးလျက်ရှိသော တောင်သူများအား ဖြန့်ချိနိုင်ရေး စီစဉ်ထားရှိမှုများကို ကြည့်ရှု၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စိမ်းလန်း ခါတုကင်းလွတ်စိုက်ခင်းမှ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းစွာ စားသုံးနိုင်ရန် ခါတုကင်းလွတ် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **နေလင်း**



မိုင်းယန်းမဲဆန္ဒနယ်မှ
ဦးစိုင်းဆမ်



စဉ့်ကိုင်မဲဆန္ဒနယ်မှ
ဒေါက်တာ ဒေါ်ကြည်မို့မို့လွင်

ယင်းနောက် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး တင်သွင်းသည့် **နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေး အထိမ်းအမှတ်ပွဲတော်များနှင့် ခရီးသွားလာရေး အထူးနှစ်သတ်မှတ်ခြင်းများ ဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီက ခရီးသွားလုပ်ငန်းသည် လာရောက်လည်ပတ်သည့် ခရီးသွားများအပေါ်တွင် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းဖြစ်သည့်အတွက် ဧည့်ဝတ်ကျေပွန်ရေး၊ ဘေးကင်းလုံခြုံစွာ လည်ပတ်နိုင်ရေး၊ ခရီးသည်များ ပျော်ရွှင်ကျေနပ်မှုရှိရေးတို့သည် အရေးကြီးသည့်အချက်များဖြစ်ပါကြောင်း၊ ပြည်ပခရီးသွားများ အဆင်ပြေစေရန် ခွင့်ပြုမိန့်များကို ပြည်ထောင်စုအစိုးရထံ တင်ပြခြင်းထက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံ တင်ပြခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ခြင်းသည် အချိန်ကုန်သက်သာပြီး လုပ်ငန်း ပိုမိုမြန်ဆန်စေမည်ဖြစ်သည်ကို အကြံပြုလိုပါကြောင်း။

ထို့ပြင် ခရီးစဉ်ဒေသများကို နိုင်ငံတကာမှ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်စေရန် ပြည်တွင်းမီဒီယာများမှတစ်ဆင့် နိုင်ငံတကာသတင်းမီဒီယာများနှင့် ချိတ်ဆက်၍ ကြော်ငြာပေးခြင်းဖြင့် ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ဒေသထွက်ကုန်များကို အဆင့်မြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် စားသောက်ကုန်နှင့် လက်မှုပညာသင်တန်းကျောင်းကိုလည်း ဖွင့်လှစ်ပေးသင့်ပါကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးသင့်ပါကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် အဆိုကို ထောက်ခံဆွေးနွေးသည်။

## ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် ဥပဒေကို ပြဋ္ဌာန်းပေးရန် လိုအပ်

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်းက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာ့ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့်လုပ်ငန်းစဉ်စီမံကိန်း ၂၀၁၇-၂၀၂၀ ကို ချမှတ်အကောင်အထည်ဖော်နေသကဲ့သို့ အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာ အစီအစဉ် ၂၀၁၆-၂၀၂၅ ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြန်မာ့ခရီးသွားလာရေး လုပ်ငန်းဥပဒေ(မူကြမ်း) ကိုလည်း တင်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းသည် တိုးတက်သင့်သလောက် မတိုးတက်သည်ကို တွေ့နေရဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ဆဲမူဝါဒနှင့် ဥပဒေများ၊ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းများ၊ စီမံခန့်ခွဲမှု အားနည်းခြင်းများ စသည့်စိန်ခေါ်မှုများသည် ခရီးသွားလုပ်ငန်းတိုးတက်မှုကို အဟန့်အတားဖြစ်စေလျက်ရှိပါကြောင်း၊ ခရီးသည် လာရောက်မှုနည်းရခြင်းများမှာ ဈေးကွက်ကျဉ်းခြင်း၊ လေကြောင်းလိုင်း မစုံလင်ခြင်း၊ လည်ပတ်ရန်နေရာများအတွက် ဆွဲဆောင်မှုအားနည်းခြင်း၊ လည်ပတ်မှု ကုန်ကျစရိတ်ကြီးမြင့်ခြင်း၊ ခရီးသွားဝန်ဆောင်မှုအမျိုးအစား မစုံလင်ခြင်း၊ သတင်းအချက်အလက် ဖြန့်ဝေမှုအားနည်းခြင်း စသည့်လိုအပ်ချက်များကိုလည်း ပြန်လည်ဆန်းစစ် ပြင်ဆင်ရန်လိုအပ်မည်ဟု အကြံပြုလိုပါကြောင်း၊ ထို့အပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် ဥပဒေကိုလည်း အမြန်ဆုံးပြဋ္ဌာန်းပေးရန် လိုအပ်နေပါကြောင်း။

ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ပြည့်စုံသည့် ခရီးစဉ်တစ်ခုဖြစ်စေရန် ဒေသခံပြည်သူများ၊ ဆက်စပ်စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်ဝန်ထမ်းများအကြား ဟန်ချက်ညီပူးပေါင်းလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အခြားနိုင်ငံများနည်းတူ ခရီးသွားလုပ်ငန်းများ တိုးတက်စေရန်အတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုသည် မဖြစ်မနေလိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်အတွက် နိုင်ငံတော်၏ဦးဆောင်မှု၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များ၏ ပူးပေါင်းလုပ်ဆောင်မှုများ အထူးလိုအပ်နေဆဲဖြစ်ကြောင်းကိုလည်း တင်ပြလိုပါကြောင်း။

မြန်မာ့ခရီးသွားလုပ်ငန်းသည် Growth and Sustainable လမ်းဆိုရောက်နေပြီဟု ဆိုနိုင်ပါကြောင်း၊ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ဒေသဆိုင်ရာပြည်သူများ အတူတကွ လက်တွဲဆောင်ရွက်ရမည့် အချိန်လည်းဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ခရီးသွားလုပ်ငန်းတိုးတက်ရေးသည် အဓိကကျသည့် ကဏ္ဍတစ်ရပ်ဖြစ်ပြီး နိုင်ငံ့ဘဏ္ဍာတိုးတက်စေရုံမက ဒေသဆိုင်ရာတိုးတက်မှုနှင့် ဒေသတွင်း ပြည်သူများကိုပါ တိုက်ရိုက်အကျိုးရရှိစေမည်ဖြစ်ပါကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်ရန်အတွက် စိန်ခေါ်မှုများ များပြားနေသော်လည်း Sustainable Tourism၊ Pro-Poor Tourism နှင့်သာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ ဆက်စပ်လုပ်ငန်းများလည်း တိုးတက်လာနိုင်ပြီး နိုင်ငံ၏ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်၊ မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး၊ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်းနှင့် ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောတို့က ဆွေးနွေးကြသည်။

## ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှအပများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လက်မှုအနုပညာများအား ဖော်ထုတ်၍ ကျေးလက်နေ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို အထောက်အကူပြုသည့် ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း(Community Based Tourism) များကို ဝန်ကြီးဌာန၏ ပထမရက် ၁၀၀ လုပ်ငန်းစီမံကိန်းမှစတင်၍ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

ထို့ပြင် အလားအလာရှိသော CBT site များကို ဆက်လက်ရှာဖွေဖော်ထုတ်ဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာ ကိုးရွာကို CBT Site ခြောက်ခုအဖြစ်ဖော်ထုတ်၍ လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အနာဂတ်တွင်လည်း ဤသို့သော ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးကျေးဇူးရှိစေမည့် CBT လုပ်ငန်းများကို ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ယနေ့မျက်မှောက်အချိန်ကာလတွင် ပြုပြင်ပြောင်းလဲမှု အဆင့်ဆင့်ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍ၌ တိုးတက်မှု အရှိန်အဟုန် မြင့်မားလျက်ရှိပါကြောင်း၊ သို့ရာတွင် ခရီးသွားနှစ် ကျင်းပမည်ဆိုပါက ခရီးစဉ်ဒေသအလိုက် နယ်မြေအေးချမ်းသာယာမှု၊ လုပ်ငန်းပမာဏအရ လိုအပ်သည့် ဘဏ္ဍာငွေစုဆောင်းရရှိနိုင်မှု၊ ဧည့်သည်များ ခရီးစဉ်ဒေသအသီးသီးသို့ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးနိုင်မှု၊ ခရီးသွားဧည့်သည်များ၏ ဝင်၊ ထွက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း ကန့်သတ်ချက်များအပေါ် ဖြေလျှော့ပေးနိုင်မှု၊ ဝင်ရောက်လာကြမည့် ပြည်ပဧည့်သည်များအတွက် ထူးခြားသောသက်သာခွင့်များ ဆောင်ရွက်ပေးနိုင်မှု၊ ဒေသအလျောက် ပျော်ပွဲရွှင်ပွဲနှင့် အခမ်းအနားများ လအလိုက်တိကျစွာ စီစဉ်ဆောင်ရွက်ပေးနိုင်မှု၊ မကျင်းပမီကပင် ကျယ်ပြန့်စွာ မြှင့်တင်ကြော်ငြာခြင်းများ အချိန်ယူကြိုတင်၍ စီစဉ်ဆောင်ရွက်ပေးနိုင်မှုတို့ လိုအပ်ပါကြောင်း။

## သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်

အဓိကအချက်အနေဖြင့် နိုင်ငံ၏ ခရီးစဉ်ဒေသများ တည်ငြိမ်အေးချမ်းမှုအပေါ် အခြေခံ၍ အချိန်၊ ငွေ၊ လူ့စွမ်းအားသုံးစွဲကုန်ကျ ဆောင်ရွက်ခြင်းမှ ထိုက်သင့်သော အကျိုးရလဒ်ရရှိရေးအတွက် မျှော်မှန်းပြီး အချိန်ယူ၍ စနစ်တကျ စီမံချက်များ ချမှတ်ပြီး ထိရောက်အောင် ဆောင်ရွက်သင့်သည်ကို တွေ့ရှိရသည့်အတွက် လတ်တလောတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မလုပ်ဆောင်နိုင်သေးသော်လည်း တင်ပြခဲ့သလို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လက်ရှိကျင်းပနေကျ ပွဲတော်များကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ခြင်း၊ ယင်းပွဲတော်များကို ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်မှုပွဲတော်များအသွင် ပေါ်ပေါက်စေရေး ချိတ်ဆက်မြှင့်တင်၍ တစ်နှစ်ပတ်လုံးစီမံကျင်းပခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များကို မိမိတို့အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့်အလျောက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း စောင့်ကြည့်ပေးနိုင်ပါရန် အဆိုအား မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ချင်းပြည်နယ်မှထွက်ရှိသည့် ဝဥ(ခေါ်)ဖျံဥ ထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၏ **ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ ဝယ်လိုအားကောင်းသော ချင်းပြည်နယ်ထွက် ဝဥ(ခေါ်)ဖျံဥကို အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံအနေဖြင့် ဝဥ(ခေါ်)ဖျံဥ အခြောက်များကို ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှလည်းကောင်း၊ ဝဥ(အမှုန့်)ကို ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် UAE နိုင်ငံများသို့လည်းကောင်း၊ ဝဥ အစို၊အခြောက်နှင့် အမှုန့်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့်လည်းကောင်း တင်ပို့လျက်ရှိပါကြောင်း။

ဝဥ အသုံးပြုမှုနည်းပညာ တိုးတက်လာစေရေးအတွက် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်း၍ ချင်းပြည်နယ် ဟားခါးမြို့တွင် လုပ်ငန်းရှင် ၁၀၀ အား ဝဥအခြောက်ခံခြင်းနှင့် ဝဥတုံးထုတ်လုပ်ခြင်း နည်းပညာများ ပံ့ပိုးပေးခဲ့ပါကြောင်း။

မေးမြန်းချက်တွင် ပါရှိသည့် ဝဥ(ခေါ်)ဖျံဥကို ချင်းပြည်နယ်တွင် ထုတ်လုပ်သည်ဟု တံဆိပ်တပ်တင်ပို့နိုင်ရေးနှင့် ပတ်သက်၍ တရုတ်နိုင်ငံ ကူမင်းမြို့၊ နန်နင်းမြို့နယ် မြန်မာ-တရုတ်နယ်စပ်ကုန်စည်ပြပွဲများတွင် ချင်းပြည်နယ်မှ ထွက်ရှိသည့် ဝဥကို ပြည်နယ်ထွက်ကုန်အဖြစ် ပြသခဲ့ပါကြောင်း၊ ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနများမှ ကျင်းပသည့် တိုင်းဒေသကြီး၊ ပြည်နယ် ဒေသထွက်ကုန်ပစ္စည်း ပြပွဲများ၊ အသေးစားနှင့် အလတ်စားပြပွဲနှင့် ပြိုင်ပွဲများတွင်လည်း ချင်းပြည်နယ်မှ ထွက်ရှိသည့် ဝဥ(ခေါ်)ဖျံဥ ထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

## တရားဝင်တင်သွင်းခွင့်ပြုသည့် ကုန်စည်စာရင်းတွင် ပါဝင်လာနိုင်စေရန်အတွက် ချိတ်ဆက်ညှိနှိုင်းထား

ဝဥကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေး အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ တရားဝင်တင်သွင်းခွင့်ပြုသည့် ကုန်စည်စာရင်းတွင် ပါဝင်လာနိုင်စေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သံတမန်လမ်းကြောင်းမှ တရုတ်နိုင်ငံနှင့် တစ်ဆင့် ချိတ်ဆက်ညှိနှိုင်းထားရှိပါကြောင်း၊ ချင်းပြည်နယ်ထွက် ဝဥ(ခေါ်)ဖျံဥကို ပြည်ပမှ အဝယ်ရရှိနေသည့်အတွက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိလာခြင်း၊ ဝဥပါးလွှာစက်များ၊ အခြောက်ခံစက်နှင့် အမှုန့်ကြိတ်စက်များ ဝယ်ယူရရှိနိုင်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ အသင်းအဖွဲ့များ ပိုမိုအားကောင်းလာစေခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဝဥ(ခေါ်)ဖျံဥကို တန်ဖိုးမြှင့်ကွင်းဆက်လုပ်ငန်းများနှင့် ပတ်သက်၍ ဈေးကွက်နှင့် နည်းပညာတိုးတက်ရရှိအောင် ဆောင်ရွက်ပေးလျက် ရှိခြင်းတို့ကြောင့် ဝဥ(ခေါ်)ဖျံဥ ပို့ကုန်သည် အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမာန်လောမောင်း

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ် မင်းတပ်မြို့နယ် မကွီးအိမ်နူးမြို့ကို မြို့တည်ဆောက်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ အမြန်ဆုံး မြို့ပြစီမံကိန်းရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ချင်းပြည်နယ်တွင် မြို့ပေါင်း ၁၇ မြို့ရှိသည့်အနက် ဟားခါး၊ မတူပီ၊ မင်းတပ်၊ ဖလမ်း၊ ပလက်ဝမြို့ငါးမြို့ကို မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲထားပြီး စုစုပေါင်း မြို့ ၁၂ မြို့ရေးဆွဲရန် ကျန်ရှိပါကြောင်း၊ တင်ပြလာသည့် မကွီးအိမ်နူးမြို့အနေဖြင့် စုစုပေါင်းဧက ၁၇၂၁၁ ဧက ကျယ်ဝန်းပြီး လူဦးရေ ၁၁၈၂ ဦးသာရှိသည့်အတွက် ဝန်ကြီးဌာန၏ ဦးစားပေး(င)အဆင့် မြို့ဖြစ်သည့်အတွက် လတ်တလောတွင် ရေးဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း။

## မကွီးအိမ်နူးမြို့ပြကို မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရန် မြို့ပြပညာရှင်များကိုစေလွှတ်၍ ဦးစားပေးဆောင်ရွက်ပေးသွားမည်

သို့သော် မကွီးအိမ်နူးမြို့ပြကို မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့က ဦးစားပေးဆောင်ရွက်ပေးရန် အကြောင်းကြားလာပါက မြို့ပြပညာရှင်များကို စေလွှတ်၍ ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် မော်ဟွေ့-နောင်ဟော့ ကွင်းအမှတ်(၁၁) ကုန်ထုတ်လမ်း ၃ မိုင် ၄ ဖာလုံနှင့် ဟင်းနား-မော်ဟွေ့ ကွင်းအမှတ် (၈)၊ (၉) ကုန်ထုတ်လမ်း ၃ မိုင် ၁ ဖာလုံတို့ကို ရာသီမရွေး ဆက်သွယ်သွားလာ အသုံးပြုနိုင်မည့် ကျောက်ချောလမ်းများအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှမ်းပြည်နယ် "ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မော်ဟွေ့-နောင်ဟော့ရွာ ကွင်းအမှတ် (၁၁) ကုန်ထုတ်လမ်း ၃ မိုင် ၄ ဖာလုံနှင့် ဟင်းနားရွာ-မော်ဟွေ့ရွာ ကွင်းအမှတ် (၈)၊ (၉) ကုန်ထုတ်လမ်း ၃ မိုင် ၁ ဖာလုံတို့အား ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးအား မြေပြင်အခြေအနေ သွားရောက်ကွင်းဆင်းစစ်ဆေးစေခဲ့ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လမ်းစာရင်းတွင် ပါဝင်သတ်မှတ်ထားခြင်း မရှိသေးသည်ကို တွေ့ရှိရပါကြောင်း။

## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်းစာရင်းတွင် ထည့်သွင်းသတ်မှတ်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်

အဆိုပါ ကုန်ထုတ်လမ်းများအား ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ပိုင်လမ်းအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ ဦးစွာတင်ပြပြီး လမ်းလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ခွင့်ပြုချက်ရရှိပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်းစာရင်းတွင် ထည့်သွင်းသတ်မှတ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် အဆိုပါဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း၊ ကော်မတီသည် ဥပဒေကြမ်း အပေါ် ထပ်မံဖြည့်စွက် ပြင်ဆင်ရန် မရှိတော့ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

## မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ယင်းဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းရာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်သက်ယု ဦးဆောင်သည့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၂ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးစတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၃၉၀၃၁ ဦးနှင့် ပြည်ပဧည့်သည် ၁၇၅၈ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ တတိယနှစ်၊ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ စုစုပေါင်း ၁၂၁ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၅၆၁၅ ဦးနှင့် ပြည်ပဧည့်သည် ၁၆၁၆ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတရုံး အမိန့်စာအတု ပြုလုပ်ဖြန့်ဝေခဲ့သူအား အရေးယူသွားမည်

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်ငွေစက္ကူများ တရားမဝင်ကြော်ငြာခြင်းဟူသည့် ခေါင်းစဉ်ဖြင့် နိုင်ငံတော်သမ္မတရုံး အမိန့်စာအတု ပြုလုပ်ဖြန့်ဝေခဲ့သူအား စုံစမ်းစိစစ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးမှ သိရသည်။

ထိုအမိန့်စာအတုတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်ငွေစက္ကူများ တရားမဝင်ကြော်ငြာခြင်းဟူသည့် ခေါင်းစဉ်ဖြင့် ငါးရာကျပ်တန်၊ တစ်ထောင်ကျပ်တန်၊ ငါးထောင်ကျပ်တန်နှင့် တစ်သောင်းကျပ်တန် ငွေစက္ကူများကို ဩဂုတ် ၁ ရက်မှ စတင်ကာ သုံးစွဲခွင့်မပြုကြောင်း ရေးသားဖော်ပြထားသည်။

"ဖေ့စ်ဘွတ်မှာ ပျံ့နှံ့နေတဲ့အမိန့်စာကို နိုင်ငံတော်သမ္မတရုံးအနေနဲ့ ထုတ်ပြန်ထားခြင်းမရှိပါဘူး။ နိုင်ငံတော်သမ္မတရုံး အမိန့်စာအမှတ်နဲ့ ငွေစက္ကူ တရားမဝင် ကြော်ငြာခြင်းဆိုပြီး အတုပြုလုပ်ဖြန့်ဝေတဲ့သူကို စုံစမ်းပြီးတော့ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ"ဟု **နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး**က ပြောကြားသည်။

ထိုကဲ့သို့ ဖေ့စ်ဘွတ်တွင် ပျံ့နှံ့နေသော ငွေစက္ကူနှင့်ပတ်သက်သည့် အမိန့်စာသည် အတုဖြစ်သည်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ၎င်း၏ ဖေ့စ်ဘွတ် စာမျက်နှာတွင် အသိပေးရေးသားဖော်ပြထားပြီး ၎င်း၏ဖေ့စ်ဘွတ်တွင် "လက်ရှိ ဖေ့စ်ဘွတ်တွင် ပျံ့နှံ့လျက်ရှိသော နိုင်ငံတော်သမ္မတရုံး အမိန့်စာ အမှတ် (၂၅/၂၀၁၈) ထုတ်ပြန်ထားခြင်း မရှိပါ။ ငွေစက္ကူကိစ္စနှင့် ပတ်သက်၍ မည်သည့်အမိန့်မှ ထုတ်ပြန်ထားခြင်း မရှိပါကြောင်း အသိပေးအပ်ပါသည်။ အမိန့် အတုအား စတင်ဖြန့်ဝေသူကို စုံစမ်းစိစစ်လျက်ရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။"ဟု ရေးသားထားသည်။ **ရှင်မင်း**

# အယ်လ်ဇိုင်းမားရောဂါနှင့် တို့မြန်မာ

ပါမောက္ခဒေါက်တာမောင်

**အယ်လ်ဇိုင်းမားဟု ခေါ်မည်**

လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်၏ နိုဝင်ဘာလ တစ်လတွင် အသက် ၅၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ဂျာမနီနိုင်ငံ ဖရန့်ဖို့ဆေးရုံသို့ အတွင်းလူနာအဖြစ် တက်ရောက်လာခဲ့သည်။ သူမ၏ ရောဂါလက္ခဏာများမှာ လတ်တလောဖြစ်ရပ်များကို မမှတ်မိခြင်း၊ စကားလုံးများကို မေ့လျော့ခြင်း၊ နေရာနှင့်အချိန်ကို မဆုံးဖြတ်နိုင်ခြင်းတို့ဖြစ်သည်။

သူမ၏အခြေအနေမှာ အချိန်နှင့်အမျှ ဆိုးရွားလာပြီး မှတ်ဉာဏ်ချို့ယွင်းမှု အပြင် အသိဉာဏ်ချို့ယွင်းမှုပါ ထပ်တိုးလာသည်။ ကိုယ့်ကိုယ်ကိုယ် မထိန်းသိမ်းနိုင်တော့ဘဲ နိစ္စဓူဝကိစ္စများဖြစ်သော စားသောက်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်း၊ အိပ်ရာဝင်ခြင်းတို့ကို ပြုလုပ်ရန်ပင် အသိမရှိတော့ချေ။ ဆက်လက်၍ ပိုမိုဆိုးရွားလာပြီး ခန္ဓာကိုယ်၏ ပုံမှန်လုပ်ငန်းများဖြစ်သော အသက်ရှူခြင်း၊ နှလုံးခုန်ခြင်း၊ အစာခြေခြင်းတို့ပါ ထိခိုက်လာတော့သည်။ ဝေဒနာကိုခံစားနေရပြီး လေးနှစ်ခန့်အကြာတွင် အသက်ဆုံးရှုံးသွားတော့သည်။

သေဆုံးသွားပြီးနောက် သူမ၏ ဦးနှောက်ကို ခွဲစိတ်လေ့လာသောအခါ သူမ၏ဦးနှောက်သည် ပုံမှန်ထက် သုံးပုံတစ်ပုံခန့် ကျုံ့ဝင်သေးငယ်နေပြီး ဦးနှောက်ဆဲလ်များစွာမှာလည်း ပျက်စီးနေသည်ကို တွေ့ရှိရသည်။

သူမသည် ယနေ့ဆေးပညာ၏ ပထမဦးဆုံး အယ်လ်ဇိုင်းမား ဝေဒနာရှင်ဖြစ်ပြီး ပထမဦးစွာ တွေ့ရှိမှတ်တမ်းတင်သူ ဒေါက်တာအယ်လိုစ် အယ်လ်ဇိုင်းမားကိုအစွဲပြု၍ ၎င်းရောဂါကို အယ်လ်ဇိုင်းမားရောဂါဟု အမည်ပေးလိုက်သည်။

**အယ်လ်ဇိုင်းမားရောဂါဆိုတာ**

အသက်ကြီးပိုင်းအရွယ်များတွင် အဖြစ်များသော သတိနှင့် မှတ်ဉာဏ်ချို့ယွင်းမှုရောဂါများတွင် အယ်လ်ဇိုင်းမားရောဂါသည် ထိပ်ဆုံးမှ ပါဝင်နေသည်။ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းသော သတိနှင့် မှတ်ဉာဏ် ချို့ယွင်းမှုရောဂါများသည် အယ်လ်ဇိုင်းမားရောဂါကြောင့် ဖြစ်ကြသည်။

၎င်းရောဂါသည် အသက် ၆၅ နှစ်အထက် အရွယ်ပိုင်းတွင် စတင်ဖြစ်ပေါ်လေ့ရှိပြီး ဦးနှောက်ဆဲလ်များ တစ်စထက်တစ်စ ပျက်စီးလာသော နာတာရှည်ရောဂါတစ်မျိုး ဖြစ်သည်။

ရှေးဦးစွာတွေ့ရသော ရောဂါလက္ခဏာများမှာ လတ်တလောဖြစ်ရပ်များကို မမှတ်မိခြင်း၊ စကားလုံးများကို မေ့လျော့ခြင်း၊ ကြံစည်ဆုံးဖြတ်ချက်များ မပြုလုပ်နိုင်ခြင်းတို့ဖြစ်သည်။

ရောဂါတိုးလာသောအခါ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခြင်းများ ပေါ်ပေါက်လာသည်။ အမူအရာပြောင်းလဲခြင်း၊ အာရုံမှားများ ခံစားတွေ့မြင်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ဖောက်ပြန်ခြင်းတို့ ပေါ်ပေါက်လာသည်။

ရောဂါရင့်လာသော နောက်ဆုံးအဆင့်တွင် ခန္ဓာကိုယ်၏ ပုံမှန်လုပ်ဆောင်ချက်များဖြစ်သော အသက်ရှူခြင်း၊ နှလုံးခုန်ခြင်း၊ အစာကြေချက်ခြင်းတို့ ပြုလုပ်နိုင်ခြင်းမရှိတော့ဘဲ စတင်ဖြစ်သည်မှ သုံးနှစ်မှ ကိုးနှစ်အကြာတွင် အသက်ဆုံးရှုံးရတော့သည်။

**သေမင်းတမန်အမျှင်နှင့် အချပ်များ**

အယ်လ်ဇိုင်းမားရောဂါဖြစ်ရသော အကြောင်းရင်းကို မသိရသေးသော်လည်း ၎င်းရောဂါသည် မျိုးဗီဇနှင့်ပတ်သက်နေပြီး သွေးတိုး၊ ဆီးချိုရှိခြင်း၊ ဦးခေါင်းတွင် ဒဏ်ရာရဖူးခြင်း၊ စိတ်ဓာတ်ကျရောဂါရှိခြင်းတို့နှင့် ဆက်စပ်နေသည်ကို တွေ့ရှိရသည်။ ထို့အပြင် စိတ်ဖိစီးမှုဒဏ်ကြောင့် ထွက်ပေါ်လာသော ဟော်မုန်းဓာတ်များသည်လည်း အကြောင်းတစ်ရပ်ဖြစ်သည်ဟု ယူဆနိုင်သော အချက်အလက်များလည်း တွေ့ရသည်။

ရောဂါစတင်ဖြစ်ပွားသူ၏ ဦးနှောက်ဆဲလ်အတွင်း ပုံမှန်မဟုတ်သော ပရိုတိန်းဓာတ်များကို အမျှင်များအသွင်ဖြင့်လည်းကောင်း၊ အလွှာအချပ်များအသွင်ဖြင့်လည်းကောင်း စတင်စုဆောင်းပေါ်ပေါက်လာသည်ကို တွေ့ရှိရသည်။ ယင်းတို့သည် ဆဲလ်များကို ပျက်စီးစေပြီး ပျက်စီးသွားသော ဆဲလ်များမှ အမျှင်နှင့်အချပ်များ ထပ်မံပေါ်ပေါက်လာပြန်သည်။ ဤသို့ဖြင့် တစ်နေရာမှ စတင်သော ဆဲလ်ပျက်စီးခြင်းသည် တစ်စထက်တစ်စ ကျယ်ပြန့်လာပြီး နောက်ဆုံးတွင် ဦးနှောက်တစ်ခုလုံး ပျက်စီးခြင်းသို့ ရောက်ရတော့သည်။

**❛ဦးနှောက်ထုထည်ပမာဏသည် ကွန်ပျူတာတစ်လုံး၏ အမာခံပစ္စည်းများနှင့်တူပြီး အသိဉာဏ်ပမာဏကြီးမားခြင်းသည် ၎င်းကွန်ပျူတာလုပ်ဆောင်နိုင်သော ပရိုဂရမ်များနှင့်တူကြောင်း နှိုင်းယှဉ်ဖော်ပြကြသည်။ ၎င်းအသိဉာဏ်ပညာပမာဏကြီးမားခြင်းသည်ပင် အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်ထားသည့်အရာဖြစ်ကြောင်း ဆုံးဖြတ်ကြ။**

**ဒေါက်တာဆာရာနှင့်အဖွဲ့သည် သတိပဋ္ဌာန်နည်းဖြင့် တရားထိုင်ခြင်းသည် ဦးနှောက်၏ ထုထည်ပမာဏကို ကြီးမားစေကြောင်း တင်ပြနိုင်ခဲ့။❜**

**ကမ္ဘာ့ကျန်းမာရေးပြဿနာ**

အပြည်ပြည်ဆိုင်ရာအယ်လ်ဇိုင်းမားရောဂါအဖွဲ့အစည်း၏ ၂၀၁၅ ခုနှစ် ထုတ်ပြန်ချက်အရ ကမ္ဘာနှင့်တစ်ဝန်းတွင် အယ်လ်ဇိုင်းမားရောဂါ အပါအဝင် သတိနှင့် မှတ်ဉာဏ်ချို့ယွင်းမှု ဝေဒနာရှင်ပေါင်း ၄၆ ဒသမ ၈ သန်းရှိမည်ဖြစ်ပြီး သုံးစက္ကန့် အချိန်တိုင်းတွင် တစ်ဦးနှုန်း တိုးပွားလျက်ရှိသည်။ ၎င်းတိုးပွားနှုန်းသည် စီးပွားရေးနိမ့်ကျသောနိုင်ငံများနှင့် စီးပွားရေး အလယ်အလတ်နိုင်ငံများတွင် ပိုမိုမြန်ဆန်လျက်ရှိနေသည်။

အရှေ့တောင်အာရှနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများတွင် လူဦးရေ၏ ၅ ဒသမ ၈ ရာခိုင်နှုန်းသည် ရောဂါခံစားနေရမည်ဟု ဖော်ပြထားသည်။ ၎င်း၏ဖော်ပြချက်တွင် မြန်မာနိုင်ငံ၏ အမည်မပါဝင်ပေ။ သို့သော် Institute for Health Metrics and Evaluation ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်၌ အသေအပျောက်အများဆုံးသော ရောဂါစာရင်းတွင် အယ်လ်ဇိုင်းမားသည် စတုတ္ထနေရာတွင် ပါဝင်နေသည်။




ကျန်းမာသောဦးနှောက်နှင့် အယ်ဇိုင်းမားဝေဒနာသည်၏ ဦးနှောက်

ရောဂါခံစားနေရသော အချိန်ကာလ ရှည်ကြာခြင်းနှင့် အသက်ကြီးပိုင်းအရွယ် လူဦးရေတိုးပွားလျက်ရှိခြင်းတို့ကြောင့် ၎င်းရောဂါသည် နိုင်ငံအတွက် ကြီးမားသော ကျန်းမာရေးဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်နေလေသည်။

**အမှောင်တွင်းမှ အလင်းတစ်စ**

အယ်လ်ဇိုင်းမားရောဂါကို ပျောက်ကင်းအောင် သို့မဟုတ် ကာကွယ်တားဆီးရန် ဆေးဝါးမရှိသေးချေ။ ရောဂါစတင်သည်နှင့် သေမင်းခေါ်ရာဆီသို့ တရွေ့ရွေ့လိုက်ပါနေရတော့သည်။ ဝေဒနာရှင်သည် ၎င်းအား ပြုစုစောင့်ရှောက်မည့်သူအပေါ် တစ်စထက်တစ်စ ပိုမိုမှီခိုလာရပြီး သုံးနှစ်မှ ကိုးနှစ်အတွင်း အသက်ဆုံးရှုံးရတော့သည်။

သို့သော် ၁၉၈၈ ခုနှစ်တွင် အမှောင်တွင်းမှ အလင်းတစ်စကို သုတေသနပညာရှင်များ မြင်တွေ့လိုက်ကြသည်။ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားတက္ကသိုလ်မှ ဒေါက်တာရောဘတ်ကဒ်ဇ်မန်နှင့်အဖွဲ့သည် အကြောင်းအမျိုးမျိုးနှင့်သေဆုံးသော အသက်ကြီးပိုင်းအရွယ် ၁၃၇ ဦးတို့၏ ဦးနှောက်ကို ခွဲစိတ်လေ့လာသောအခါ အချို့သောသူတို့၏ ဦးနှောက်ဆဲလ်များမှာ အယ်လ်ဇိုင်းမားရောဂါသည်များကဲ့သို့ ပျက်စီးနေသည်ကို တွေ့ရှိရသော်လည်း ထိုသူများမှာ အသက်ရှင်စဉ်က အယ်လ်ဇိုင်းမားရောဂါကို တစ်စုံတစ်ရာခံစားခဲ့ရခြင်း မရှိခဲ့ကြချေ။ ထို့အပြင် ထိုသူများ၏ ဦးနှောက်ထုထည်ပမာဏမှာ အခြားသူများထက် ကြီးမားနေသည့်အပြင် ဦးနှောက်ဆဲလ်အရေအတွက်မှာလည်း ပိုမိုများပြားနေသည်ကို တွေ့ရှိရသည်။ ထိုတွေ့ရှိချက်များအရ ထုထည်ကြီးမားပြီး ဆဲလ်အရေအတွက် ပိုမိုများပြားသော ဦးနှောက်သည် အယ်လ်ဇိုင်းမားရောဂါကို ခံနိုင်စွမ်းရှိကြောင်း ကောက်ချက်ချခဲ့ကြသည်။

သို့သော် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး၏ ဦးနှောက်သည် ထုထည်ပမာဏကြီးမားပြီး ဆဲလ်အရေအတွက် ပိုမိုများပြားမည်နည်း။

ထိုမေးခွန်း၏အဖြေကို အမေရိကန်နိုင်ငံ မက်ဆာချူးဆက် အထွေထွေဆေးရုံကြီး၏ စိတ်ရောဂါပညာရှင် ဒေါက်တာဆာရာလာဇာက ၂၀၀၅ ခုနှစ်တွင် သမိုင်းတွင်သည့် တွေ့ရှိချက်ကို တင်ပြခြင်းဖြင့် ဖြေဆိုခဲ့သည်။

ဒေါက်တာဆာရာနှင့်အဖွဲ့သည် လူပုဂ္ဂိုလ် ၂၀ တို့အား တစ်နေ့လျှင် ၁၀ နာရီဖြင့် ခုနစ်ရက်ကြာအောင် သတိပဋ္ဌာန်နည်းဖြင့် တရားထိုင်စေပြီး ခုနစ်ရက်အကြာတွင် ထိုသူတို့၏ ဦးနှောက်ထုထည်ပမာဏကို MRI နည်းဖြင့် တိုင်းခဲ့ကြသည်။ ထိုပုဂ္ဂိုလ် ၂၀ တို့သည် အသက် ၃၅ နှစ်မှ ၄၀ နှစ်အတွင်း ရှိကြပြီး ရဟန်းများ မဟုတ်ကြဘဲ သာမန် အနောက်နိုင်ငံသားများ ဖြစ်ကြသည်။ သို့သော် ၎င်းတို့တွင် သတိပဋ္ဌာန်နည်းဖြင့် တရားအားထုတ်သော အလေ့အကျင့် ပျမ်းမျှ ၁၂ နှစ်ခန့် ကိုယ်စီရှိကြသည်။ ခုနစ်ရက်မြောက်နေ့တွင် တိုင်းတာချက်များအရ ထိုသူများ၏ ဦးနှောက်ပမာဏမှာ သိသာစွာ ကြီးမားလာကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဒေါက်တာဆာရာနှင့်အဖွဲ့သည် သတိပဋ္ဌာန်နည်းဖြင့် တရားထိုင်ခြင်းသည် ဦးနှောက်၏ ထုထည်ပမာဏကို ကြီးမားစေကြောင်း တင်ပြနိုင်ခဲ့သည်။

**အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်ထားသော အသိဉာဏ်ပညာပမာဏ**

သုတေသနပညာရှင်များသည် ဆက်လက်၍ အသိဉာဏ်ပညာပမာဏကြီးမားခြင်းသည် ဦးနှောက်ထုထည်ပမာဏကြီးမားခြင်း၏ အကြောင်းရင်းဖြစ်ကြောင်း ကောက်ချက်ချကြသည်။ ဦးနှောက်ထုထည်ပမာဏနှင့် အသိဉာဏ်ပညာပမာဏတို့ကို ကွန်ပျူတာတစ်လုံးကိုဥပမာပြု၍ နှိုင်းယှဉ်ဖော်ပြကြသည်။ ဦးနှောက်ထုထည်ပမာဏသည် ကွန်ပျူတာတစ်လုံး၏ အမာခံပစ္စည်းများနှင့်တူပြီး အသိဉာဏ်ပမာဏကြီးမားခြင်းသည် ၎င်းကွန်ပျူတာလုပ်ဆောင်နိုင်သော ပရိုဂရမ်များနှင့်တူကြောင်း နှိုင်းယှဉ်ဖော်ပြကြသည်။ ၎င်းအသိဉာဏ်ပညာပမာဏကြီးမားခြင်းသည်ပင်




သတိပဋ္ဌာန်တရားအားထုတ်အပြီး ဦးနှောက်ပမာဏကြီးမားလာခြင်းကို တိုင်းတာပြထားပုံ

အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်ထားသည့်အရာဖြစ်ကြောင်း ဆုံးဖြတ်ကြသည်။

အသိဉာဏ်ပညာပမာဏကြီးမားခြင်းသည် တစ်ရက် တစ်လ တစ်နှစ်အတွင်းဖြစ်ပေါ်နိုင်သော အခြင်းအရာမဟုတ်ရကား ငယ်ရွယ်စဉ်မှစ၍ အဆင့်မြင့်ပညာရပ်များကို အစဉ်တစိုက် ဆည်းပူးလေ့လာတတ်မြောက်စေခြင်းဖြင့် မှတ်ဉာဏ်နှင့်အသိဉာဏ်ကို လေ့ကျင့်ခဲ့သူများတွင်သာ ပေါ်ပေါက်နိုင်သော အခြင်းအရာဖြစ်သည်။ ဦးတည်ချက်၊ ရည်မှန်းချက်တစ်ခုကို အောင်မြင်ရန် နည်းလမ်းများကို တစ်နည်းမဟုတ်တစ်နည်း ပြောင်းလဲအသုံးပြုနိုင်သော အရည်အချင်းလည်းဖြစ်သည်။

**အယ်လ်ဇိုင်းမားနှင့် တို့မြန်မာ**

စာရေးသူတို့ မြန်မာလူမျိုးများသည် ငယ်ရွယ်စဉ်မှစ၍ မြတ်စွာဘုရား၏ တရားတော်များဖြစ်သော ဘုရားရှိခိုးအမျိုးမျိုး၊ ပဋ္ဌာန်းတရား၊ ပရိတ်တရားတော်များကို ကျက်မှတ်ရွတ်ဖတ်ခြင်းဖြင့် အသိဉာဏ်နှင့် မှတ်ဉာဏ်ကို လေ့ကျင့်လာခဲ့ကြသည်။ အရွယ်ရောက်သောအခါ ရှင်ပြုခြင်း၊ ပဉ္စင်းတက်ခြင်းဖြင့် ဆက်လက်၍ လက်တွေ့ကျင့်ကြံကြသည်။ ထိုထက်ပို၍ အသက်အရွယ်ရလာသော ၄၀ ကျော် ၅၀ အရွယ် အယ်လ်ဇိုင်းမားရောဂါ အစပျိုးမည့်အချိန်တွင် သတိပဋ္ဌာန်တရားကိုအားထုတ်ပြီး စိတ်ဖိစီးမှုဒဏ်ကို ကာကွယ်ရင်း သတိအမှတ်နှင့် အသိဉာဏ်ကို ရာသက်ပန် လေ့ကျင့်သွားတော့သည်။ ၎င်းအလေ့အထများသည် စာရေးသူတို့မြန်မာလူမျိုးများအတွက် အယ်လ်ဇိုင်းမားရောဂါမှ အလိုအလျောက်ကာကွယ်တားဆီးပြီးဖြစ်နေသည်ဟု ယုံကြည်မိပါသည်။

ကမ္ဘာနှင့်တစ်ဝန်းတွင် သုံးစက္ကန့်အချိန်တိုင်း ရောဂါသည် အသစ်တစ်ဦး တိုးပွားလျက်ရှိသည်။

ကုသရန် ကာကွယ်ရန် ဆေးမရှိသေးချေ။

အသိဉာဏ်ပညာကြီးမားခြင်းသည် အယ်ဇိုင်းမားရောဂါကို ကာကွယ်တားဆီးထားနိုင်စွမ်းရှိပြီး ဦးနှောက်ထုထည်ပမာဏကြီးမားခြင်းနှင့် ဆက်နွှယ်လျက်ရှိသည်။

သတိပဋ္ဌာန်တရား အားထုတ်ခြင်းသည် ဦးနှောက်ထုထည်ပမာဏကြီးမားခြင်းကို ဖြစ်ပေါ်စေသော်လည်း အယ်ဇိုင်းမားရောဂါကို ကာကွယ်တားဆီးနိုင်ကြောင်း တိုက်ရိုက်အထောက်အထား မရှိသေးချေ။

မြန်မာလူမျိုးတို့၏ သတိမှတ်ဉာဏ်နှင့် အသိဉာဏ်ကို အစဉ်တစိုက် လေ့ကျင့်ကြသော အလေ့အထသည် အယ်ဇိုင်းမားရောဂါကို အလိုအလျောက်ကာကွယ်တားဆီးထားသည်ဟု ယူဆသော်လည်း ခိုင်မာစွာ ကမ္ဘာကို တင်ပြနိုင်စွမ်းမရှိသေးချေ။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆွစ်ဇာလန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul Rene Seger အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ မြန်မာ့တပ်မတော်နှင့် နိုင်ငံတကာတပ်မတော်များ၏ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့်တပ်မတော်က ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပြဿနာများကို နိုင်ငံတကာမှ အမှန်အတိုင်းသိရှိရန် လိုအပ်မှုအခြေအနေများနှင့် နှစ်နိုင်ငံအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးတွင် ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်နိုင်ငံ စစ်ဆောင်ပန်နပြည်နယ်မှ Vice Governor နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်ဆောင်ပန်နပြည်နယ်မှ Vice Governor Ms. Cun Min နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ ၁ ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ စစ်ဆောင်ပန်နပြည်နယ်အကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံမှ ထွက်ကုန်များ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်ရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဇုန် အောင်မြင်စွာအကောင်အထည်ဖော်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တရုတ်နိုင်ငံပုံနှိပ်ထုတ်ဝေရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ (China Publishing Group-CPG) ဥက္ကဋ္ဌ H.E.Mr. Tan Yue အဖွဲ့တို့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနလေးခု၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ တရုတ်ဂန္ထဝင်စာပေလေးမျိုးကို မြန်မာဘာသာဖြင့် ထုတ်ဝေနိုင်ရေး၊ နှစ်နိုင်ငံဂန္ထဝင်စာပေများကို အပြန်အလှန်ဘာသာပြန်ထုတ်ဝေရေးအစီအစဉ် (mutual translation programme) တစ်ခု စတင်ထူထောင်ဆောင်ရွက်ရေးနှင့် ဩဂုတ်လနှောင်းပိုင်းတွင် ပေကျင်းမြို့၌ ကျင်းပမည့် Beijing International Books Fair သို့ တက်ရောက်နိုင်ရေး၊ နှစ်နိုင်ငံ ရေရှည်အကျိုးစီးပွားအတွက် တရုတ်-မြန်မာ နှစ်ဘာသာကို ကျွမ်းကျင်ပိုင်နိုင်စွာ ဘာသာပြန်ဆိုနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# လာအိုနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၂၄**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Saleumxay Kommasith ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်အမျိုးသားပြတိုက်သို့ ရောက်ရှိလေ့လာကြသည်။

ရှေးဦးစွာ လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့အား အမျိုးသားပြတိုက် ပြတိုက်မှူး ဒေါ်အေးအေးသင်းက ပြတိုက်ရှင်းလင်းဆောင်၌ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများ၏ ဖွဲ့စည်းပုံနှင့် ခင်းကျင်းပြသထားသည့် ပစ္စည်းများကို ရုပ်မြင်ပြစက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်းနှင့် သမိုင်းတင်ခေတ် ပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။



ထို့နောက် ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ စေတီတော်လိုဏ်တော်အတွင်းရှိ ဇာတ်ကြီးဆယ်ဘွဲ့နှင့် ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ကျောက်ဆစ်ပန်းပုလက်ရာများကို လှည့်လည်ကြည့်ရှုသည်။ ယင်းနောက် စေတီတော် ပရိဝုဏ်အတွင်းရှိ ဆင်ဖြူတော်အဆောင်မှ ဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့သည် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Lyying Sayaxang နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သူရဇော်**

❖ **ကျောဖုံးမှ**

ဒုတိယငွေတံဆိပ်ဆုနှင့် စံချိန် (၁၅ မိနစ် ၃၂ ဒသမ ၄၅ စက္ကန့်) ဖြင့် ထိုင်းက တတိယဆုတို့ အသီးသီးရရှိခဲ့ကြပြီး အဆိုပါဆုများကို မြန်မာကျောင်းသားအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ချီးမြှင့်ပေးခဲ့သည်။

မြန်မာကျောင်းသားအားကစားအဖွဲ့သည် ယနေ့အထိ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုတို့ ရရှိထားပြီး ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

# ဘားအံမြို့ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာများထောက်ပံ့

**ဘားအံ ဇူလိုင် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့ရှိ ရပ်ကွက်ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိပြီး ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိရာ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဇူလိုင် ၂၄ ရက်တွင် ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် အိမ်ထောင်စု ၉၂၂ စု၊ လူဦးရေ ၄၈၄၃ ဦးအတွက် လူတစ်ဦးလျှင် တစ်ရက် ဆန်နှစ်ဘူးနှုန်းဖြင့် ခုနစ်ရက်စာ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၁၀၁၇၀၃၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်က ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေထက်အောင်ထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆွေးနွေး

**မန္တလေး ဇူလိုင် ၂၄**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးမြို့တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ဒုတိယအကြိမ်လာရောက်ပြီး ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)၏ ထူးခြားချက်အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မန္တလေးအခြေစိုက် တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူလူငယ်များ ဆွေးနွေးမည့်စာပေစကားဝိုင်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ပွဲတော်တွင် ပညာရပ်ဆိုင်ရာ ပြခန်းများကို ထူးထူးခြားခြားဖြင့် များများထည့်သွင်းပြသလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားရာတွင် ဗလငါးတန်ဖြင့် ပြည့်စုံသောလူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို ကျင်းပခြင်းဖြစ်ကြောင်း၊ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်နေသည့်အတွက် အိမ်ရှင်အနေဖြင့် လိုလိုလားလား ပူးပေါင်းပါဝင်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို မန္တလေးတက္ကသိုလ်တွင် ကျင်းပနိုင်ခြင်းဖြင့် တက္ကသိုလ်၏ သမိုင်းပုံရိပ်ကို ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးအတွက် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြန်လည်ဆွေးနွေးကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အိုင်တီနည်းပညာဆိုင်ရာ လှုပ်ရှားမှုများ၊ ဖျော်ဖြေရေးနှင့် ပညာပေးအစီအစဉ်များ၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ပြပွဲများ ထည့်သွင်းကျင်းပနိုင်ရန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပမည့် မန္တလေးတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(ရန်ကုန်)ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပခဲ့ပြီး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မန်း(ကိုယ်ပွား)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မန္တလေးမြို့တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

# မြန်မာနိုင်ငံ၌ ခြေထောက်ပြတ်လူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပထမဆုံးအကြိမ် အောင်မြင်စွာ ပြန်ဆက်ခွဲစိတ်ကုသနိုင်ခဲ့

**ရန်ကုန် ဇူလိုင် ၂၄**
မသန်စွမ်းသူများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းကို နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၌ ခြေထောက်ပြတ်လူနာအား ပြန်ဆက်ပေးနိုင်ခြင်းကို ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးက အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီဖြစ်သည်။

အရိုးရောဂါပညာဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က "ဇွန် ၁၉ ရက်က အရိုးဆရာဝန်နဲ့ပေါင်းပြီး တာဝန်ကျဆရာဝန်တွေက ဆက်ခဲ့ကြတာပါ၊ အရိုးအထူးကုဆရာဝန်တွေနဲ့ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုဆရာဝန်တွေရဲ့ အောင်မြင်မှုပါပဲ၊ အဓိကကတော့ လက်တွေ၊ ခြေထောက်တွေ ပြတ်တဲ့အခါမှာ ပြန်လည်လှုပ်ရှားမှုပြုလုပ်ဖို့ လိုအပ်ပါတယ်၊ ဒီလူနာကိုလည်း ကျွန်တော်တို့အနေနဲ့ အနီးကပ်စောင့်ကြည့်ပေးနေပြီး အင်မတန်ကောင်းမွန်တဲ့ ခွဲစိတ်ခန်းတွေရှိတဲ့အတွက်ကြောင့် အားလုံးသန့်သန့်ရှင်းရှင်းနဲ့ ခွဲစိတ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ ဘာပိုးမှမဝင်ဘဲ အခြေအနေကောင်းပြီး ခုဆိုလူနာက အနာတော်တော်ကိုကျက်နေပါပြီ၊ လူနာကို မကြာခင်မှာပဲ ဆေးရုံကပေးဆင်းတော့မှာ ဖြစ်ပါတယ်၊ ပထမဦးဆုံးအကြိမ် ခြေထောက်ခွဲစိတ်မှုအောင်မြင်ခြင်းလည်း ဖြစ်ပါတယ်၊ ဒဏ်ရာရလူနာဟာ လက်တစ်ဖက်ပြတ်ပြီ၊ ခြေထောက်တစ်ဖက်ပြတ်ပြီဆိုရင် သန့်ရှင်းစွာနဲ့ အေးနေအောင်ထားပြီး ခြောက်ခြောက်သွေ့သွေ့ထားဖို့ လိုအပ်ပါတယ်။ ကြွက်သားတွေအများကြီးပါတဲ့ လက်ပြတ်၊ ခြေထောက်ပြတ်တာတွေကတော့ မလွယ်ဘူးပေါ့၊ အဓိကကတော့ ဒဏ်ရာရသူဟာ ခြောက်နာရီအတွင်း ဆေးရုံရောက်ရင် အကောင်းဆုံးပါပဲ" ဟု ဇူလိုင် ၂၄ ရက်က အဆိုပါဆေးရုံ၌ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲ၌ ရှင်းပြခဲ့သည်။

တွံတေးမြို့နယ်မှ အသက်(၄၀)အရွယ် တောင်ယာအလုပ် လုပ်ကိုင်သူ ဦးသိန်းဇော်ဦးသည် မြက်ရိတ်နေရာမှ ခြေချင်းဝတ်ပြတ်တောက်သည်အထိ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီးသို့ ဇွန် ၁၉ ရက်တွင် ရောက်ရှိခဲ့ကြောင်း၊ ခြေထောက်ပြတ်လာသည့် လူနာ၏ခြေထောက်မှာ မြက်များနှင့် ညစ်ပတ်ရောက်ရှိလာခြင်း ဖြစ်သော်လည်း လူနာ၏ သွေးကြောအခြေအနေများ ကောင်းမွန်ခြင်း၊ ဆေးလိပ်သောက်တတ်သည့်သူမဟုတ်ခြင်း စသည့်အချက်များကြောင့် ငါးနာရီအကြာတွင် အရိုးအထူးကုဆရာဝန်များနှင့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုဆရာဝန်များက အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

"အိုသွေး၊ ဘီသွေးရှိတဲ့ လက်ပြတ်သွားတဲ့လူနာတွေက ကျွန်တော်တို့ဌာနကို ကြိုပြီးအကြောင်းကြားထားရင် ပိုကောင်းပါတယ်၊ လက်ချောင်းလေးတွေက အချိန် ၂၄ နာရီကနေ ၃၆ နာရီအတွင်း ဆက်လို့ရပါတယ်၊ တကယ်လို့ လက်မောင်းကြီးပြတ်သွားမယ်ဆိုရင် လက်မောင်းမှာ ကြွက်သားတွေ အများကြီး ရှိတော့ အချိန်အတိုင်းအတာတစ်ခုမှာ ပုပ်လာမှာကြောက်ရပါတယ်။

"ကျွန်တော်တို့အနေနဲ့ လက်ချောင်းလေးတွေကတော့ အများကြီးဆက်ဖူးခဲ့ပါတယ်၊ လက်မောင်းထိအောင်ကို ဆက်ဖူးတာပါ၊ ကျွန်တော်တို့အနေနဲ့ ခြေထောက်ဆက်တာဟာ မြန်မာပြည်မှာ ဒါပထမဆုံးအကြိမ်ဆက်တာဖြစ်ပြီး မြန်မာ့ဆေးပညာလောကမှာ ဒါဟာပထမဦးဆုံးပါပဲ"ဟု ၎င်းက ပြောသည်။

ရုတ်တရက် မတော်တဆထိခိုက်ဒဏ်ရာကြောင့် လက်၊ ခြေထောက်များ ပြတ်သွားသည့်လူနာများအနေဖြင့် ပြတ်သွားသည့် လက်၊ ခြေထောက်ကို ပလတ်စတစ်အိတ်ထဲတွင် သန့်ရှင်းလုံခြုံစွာထုပ်ပိုးပြီး ရေခဲပုံးထဲ၌ ရေခဲများနှင့် အတူထည့်ကာ ခြောက်နာရီအတွင်း ဆေးရုံသို့ရောက်ရှိနိုင်အောင် ပို့သပါက အကောင်းဆုံးဖြစ်ကြောင်း သိရသည်။ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုဌာနကို စတင်ဖွဲ့စည်းခဲ့သည့် ၁၉၆၇ ခုနှစ်မှ ယနေ့အချိန်အထိ လက်ကောက်ဝတ်ပြန်ဆက်သူဦးရေ ၄၀ ကျော်၊ လက်မောင်းပြန်ဆက်သူဦးရေ နှစ်ဦးနှင့် လက်ချောင်းများဆက်သည့်ဦးရေမှာ ရာကျော်ရှိပြီဖြစ်ကြောင်း ပါမောက္ခ ဒေါက်တာခင်မောင်မြင့်၏ ပြောပြချက်အရ သိရသည်။



ထို့အပြင် အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် အိန္ဒိယနိုင်ငံ JAIPUR မြို့ရှိ BMVVS(JAIPUR FOOT)နှင့် ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်း တို့ပူးပေါင်း၍ မသန်စွမ်းသူများအတွက် ခြေတုများကို တောင်ဒဂုံမြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၌ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှစတင်၍ ဒုတိယအကြိမ် အခမဲ့ခြေတုများတပ်ဆင်ပေးလျက်ရှိပြီး ယခုနှစ်အတွက် မသန်စွမ်းဦးရေ ၅၀၀ ကျော်အား တစ်ရက်လျှင် ၂၅ ဦးနှုန်းဖြင့် ခြေတုတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဩဂုတ်လပိုင်းတွင် အပြီးသတ်ခြေတုတပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံနည်းပညာဖြင့် တပ်ဆင်ပေးလျက်ရှိသည့် အဆိုပါ ခြေတုတစ်ခု၏ ကုန်ကျတန်ဖိုးငွေမှာ အမေရိကန်ဒေါ်လာ ၁၀၀ ရှိပြီး အမေရိကန်နိုင်ငံတွင် တပ်ဆင်ပါက ဒေါ်လာတစ်သောင်းကုန်ကျကြောင်း၊ မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့်ခြေတုများမှာ အလေးချိန် လေးကီလိုရှိပြီး ယခုတပ်ဆင်ပေးသည့် ခြေတုများမှာ အလေးချိန် တစ်ကီလိုသာရှိကြောင်း၊ ခြေတုတပ်ဆင်မည့် ကုန်ကျစရိတ်များအတွက်လည်း လာရောက်လှူဒါန်းကြသူများရှိနေကြောင်းနှင့် ခြေတုလာရောက်တပ်ဆင်ကြသူများမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးအပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မသန်စွမ်းသူများပါဝင်ကြောင်း ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းမှ သိရသည်။ **သတင်းနှင့်ဓာတ်ပုံ- ပွင့်သစ္စာ**



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ဖျာပုံမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၄**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံမြို့မရဲစခန်း အချုပ်ခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အကျဉ်းဦးစီးဌာန ဖျာပုံအကျဉ်းထောင်သို့သွားရောက်ကာ အကျဉ်းသားများအား အိပ်ဆောင်ရှိ အခန်းခုနစ်ခန်းတွင် လည်းကောင်း၊ အကျဉ်းသူ၊ အချုပ်သူများအား အမျိုးသမီးအဆောင်တွင်လည်းကောင်း တွေ့ဆုံ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိ၊ မရှိ တို့ကို စစ်ဆေးမေးမြန်းပြီး အကျဉ်းသား၊ အကျဉ်းသူအိပ်ဆောင်များ၊ စားဖိုကြီး၊ စာကြည့်တိုက်များနှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အကျဉ်းထောင်ရှိ အကျဉ်းသားများထဲမှ သီးခြားတွေ့ဆုံတင်ပြလိုသူ အကျဉ်းသား ၁၁ ဦးကို တစ်ဦးချင်းတွေ့ဆုံ၍ အခက်အခဲများ မေးမြန်းခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သလို အကြံပြုနိုင်ရန် မှတ်တမ်းတင်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဖျာပုံမြို့ရှိ ခရိုင်၊ မြို့နယ် တရားရုံးအချုပ်ခန်းနှင့် ဖျာပုံခရိုင်ဆေးရုံကြီးတွင် ဆေးရုံအချုပ်ခန်း မရှိသဖြင့် ဝင်ရောက်ကြည့်ရှုပြီး လူ့အခွင့်အရေးရှုထောင့်မှ အကြံပြုချက်များကို ဆေးရုံအုပ်ကြီး၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူးတို့နှင့်အတူ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အလားတူ အဆိုပါကော်မရှင်အဖွဲ့ဝင်များသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ရှိ အကျဉ်းဦးစီးဌာန၊ ဆားမလောက်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်**

# သံလွင်အရှေ့ခြမ်းရှိ သံဃာတော်များအား (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစီအစဉ်အရ သံလွင်အရှေ့ခြမ်းရှိ သံဃာတော်များအား (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့ရှိ (၃၁)ဘုံ ဆုတောင်းပြည့်စေတီ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ (ဗဟို)ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီဟဗလ အမှူးပြုသော သံလွင်အရှေ့ခြမ်း တန့်ယန်း၊ ပန်ဆန်း၊ ဝိန်းကောင်၊ နားဖန့်၊ မန်ဖန့်၊ မန်မန်ဆိုင်၊ နားဝီး၊ မက်မန်း၊ မိုင်းမော၊ နမ့်တစ်ဒေသများမှ ဆရာတော်အရှင်သူမြတ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ အမှုဆောင်ကော်မတီဝင် ဦးရန်ကျော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်ထယ်ချန်၊ ကွမ်းလုံ (အခြေချ)စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ရဲရင့်အောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နယ်မြေခံတပ်မဌာနချုပ်တို့မှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဧည့်ပရိသတ်တို့က တန့်ယန်းမြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် နာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစိန္တာထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ကိုင်းကုန်းပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလထံမှ သာဓုအနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် တန့်ယန်း၊ ပန်ဆန်း၊ ဝိန်းကောင်၊ နားဖန့်၊ မန်ဖန့်၊ မန်မန်ဆိုင်၊ နားဝီး၊ မက်မန်း၊ ဟိုပန်၊ မိုင်းမော၊ နမ့်တစ်ဒေသများ၌ သီတင်းသုံးနေထိုင်ကြကုန်သော သံဃာတော် ၁၀၆၆ ပါး၊ ရှင်သာမဏေ ၅၀၀၃ ပါးတို့အတွက် သင်္ကန်းဒွိစုံ ၅၀၀၊ ရှင်ကြီးဝတ်သင်္ကန်း အစုံ ၁၅၀၀၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က သင်္ကန်းဒွိစုံ ၈၉ စုံ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီးတို့က သင်္ကန်း ၅၁ စုံတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်တွင် ကိုယ်ဝန်ဆောင်နှင့် အသက်နှစ်နှစ်အောက်ကလေးများအား ထောက်ပံ့ကြေးပေးမည်

**စစ်တွေ ဇူလိုင် ၂၄**

ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေး အစီအစဉ်နှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်နယ်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

"ကျွန်မတို့ ဒီအစီအစဉ်ကတော့ ကိုယ်ဝန်ဆောင်မိခင်တွေ အာဟာရပြည့်ဝစွာစားသုံးနိုင်ဖို့နဲ့ ကလေးသေပျောက်မှုနှုန်း လျှော့နည်းကျဆင်းရေးအတွက် ရည်ရွယ်ပါတယ်။ ဒီစီမံချက်ကို ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်မှာ စတင်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလရောက်မှ စတင်ခဲ့ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ အသက်နှစ်နှစ်အောက် ကလေးတွေကို ငွေကြေးထောက်ပံ့တဲ့ အစီအစဉ်ဖြစ်ပါတယ်။ တစ်ဦးကို တစ်လ ငွေကျပ် ၁၅၀၀၀ နှုန်းနဲ့ သုံးလတစ်ကြိမ် ထောက်ပံ့ပါတယ်။ တစ်လ ငွေကျပ် ၁၅၀၀၀ ဆိုသော်လည်း ကိုယ်ဝန်ဆောင် မိခင်တွေအနေနဲ့ စားနေကြအစားအစာတွေအပြင် ဖြည့်စွက်အစားအစာအနေနဲ့ စားသုံးနိုင်အောင် ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်ပြီဆိုတာနဲ့ နားလည်တတ်ကျွမ်းတဲ့ ကျန်းမာရေးဝန်ထမ်းနဲ့ ပြသဖို့လိုပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ပြောသည်။

ယင်းကဲ့သို့ ထောက်ပံ့မှုပေးရာတွင် ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့် ကိုယ်ဝန်ရရှိချိန်တွင် သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းဖြင့် ကိုယ်ဝန်အပ်နှံပြသထားသည့် မှတ်တမ်းနှင့် ကာကွယ်ဆေးထိုးမှတ်တမ်းတို့ ပါရှိရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အဆိုပါထောက်ပံ့ပေးမှုမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးအကြိမ်နှင့် မတ်လတွင် ဒုတိယအကြိမ်ဖြစ်ပြီး ဩဂုတ်လတွင် တတိယအကြိမ် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုထောက်ပံ့မှုတွေ ပေးနိုင်ဖို့ ဇွန်လမှာ စာရင်းတွေကောက်ယူပါတယ်။ အခုပေးမယ့်စာရင်းက အရင်ပေးမယ့်စာရင်းတွေထက် အရေအတွက်များလာလို့ ပြန်လည်စိစစ်ဖို့လိုအပ်နေတဲ့အတွက် စိစစ်အတည်ပြုမှုတွေ လုပ်နေပါတယ်။ ဩဂုတ်လကုန် လောက်မှာ ထောက်ပံ့ပေးနိုင်မှာဖြစ်ပါတယ်။ နောက်စာရင်း တက်လာတဲ့သူတွေကိုတော့ စက်တင်ဘာလထဲမှာ ပေးနိုင်ပါလိမ့်မယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက ပြောကြားသည်။



ရခိုင်ပြည်နယ်အတွင်း ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစုစုပေါင်း ၅၆၅၆၀ ရှိခဲ့သော်လည်း ယခုပေးမည့်အကြိမ်တွင် ၇၉၁၀၃ ဦးအထိ မြင့်တက်လာသည့်အတွက် ပြန်လည်စစ်ဆေး အတည်ပြုမှုကို ဆောင်ရွက်ပြီး ဩဂုတ်လအတွင်း ထောက်ပံ့ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ မွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ခြင်းကို ရခိုင်ပြည်နယ်အပြင် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်သာ ဆောင်ရွက်နိုင်သေးကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- မြင့်မောင်စိုး**



# တောင်ပြိုလက်ဝဲ၌ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

**မောင်တော ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး နိုင်ငံတစ်ဝန်းတွင် စာဖတ်ဝိုင်းများ ကျင်းပပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် မောင်တောမြို့တွင် ခရိုင်မီးသတ်ဦးစီးဌာနနှင့် တောင်ပြိုလက်ဝဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ စာဖတ်ဝိုင်းဆွေးနွေးပွဲ အခမ်းအနား ကျင်းပသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မောင်တောခရိုင် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးသန့်စင်က စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားပြီး တောင်ပြိုလက်ဝဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်ညိုညိုခိုင်က စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် မီးသတ်တပ်ဖွဲ့ဝင်များက မိမိကြိုက်နှစ်သက်ရာ သုတ၊ ရသ စာအုပ်စာပေများ ဖတ်ရှုကြပြီး အပြန်အလှန်ဆွေးနွေးကြသည်။

တောင်ပြိုလက်ဝဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မောင်တောဒေသရှိ ပြည်သူများ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတများ ရရှိစေရန် ရည်ရွယ်ပြီး ကျေးရွာများအထိ ကွင်းဆင်းကာ စာဖတ်ဝိုင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း- မင်းသစ်၊ ကိုမင်း၊ ဓာတ်ပုံ- မင်းမင်း**

# ဖျာပုံမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်ထုတ်ပေးမည်

**ဖျာပုံ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမှတ်(၁၈)ရပ်ကွက်အတွင်းရှိ မြေကွက်များ အနက် စည်းကမ်းချက်နှင့် ကိုက်ညီသော မြေကွက်များကို ရက် ၁၀၀ အတွင်း မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်က ဖျာပုံမြို့ အမှတ်(၁၈)ရပ်ကွက် ဘိုးဘွားရိပ်သာလမ်းရှိ သာမဏေ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မြေငှားဂရန်တွေ စနစ်တကျ ထုတ်ပေးလိုက်ခြင်းအားဖြင့် မြေပိုင်ဆိုင်မှုတွေ စနစ်တကျရှိလာမယ်။ ဒ့ါအပြင် မြေယာမှုခင်းတွေ လျှော့ချနိုင်မယ်။ အခွန်ငွေတွေလည်း တိုးလာနိုင်ပါတယ်"ဟု ဖျာပုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းက ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းက မြေငှားဂရန်ထားရှိခြင်းအားဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ ရည်ရွယ်ချက်များနှင့် ထမ်းဆောင်ရမည့် တာဝန်များကို လည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအောင်မြတ်ခိုင်က ဂရန်လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များကို လည်းကောင်း တင်ပြဆွေးနွေးရာ တက်ရောက်လာကြသည့် ပြည်သူများကလည်း လက်ရှိကြုံတွေ့နေရသည့် မြေပိုင်ဆိုင်မှုပြဿနာများ၊ ဂရန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဖျာပုံမြို့နယ်အတွက် ရက် ၁၀၀ စီမံချက် နယ်မြေဖြစ်သည့် ဖျာပုံမြို့ (၁၈)ရပ်ကွက်သည် ၁၉၈၉ ခုနှစ်က မြို့နယ် မြေချထားရေးအဖွဲ့က ချထားပေးသည့် ရပ်ကွက်ဖြစ်ပြီး ရပ်ကွက်အတွင်း၌ မြေကွက်ပေါင်း ၈၉၉ ကွက်ရှိရာ ၃၉ ကွက်သာ မြေငှားဂရန် လျှောက်ထားရယူထားကြောင်း၊ ရက် ၁၀၀ စီမံချက်တွင် မြေငှားဂရန် လျှောက်ထားလိုသူများသည် ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ ရပ်ကွက်လုပ်ငန်းအဖွဲ့မှတစ်ဆင့် လျှောက်ထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ကနီမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကနီ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက ယင်းကျေးရွာအုပ်စု ကျောက်လှေကားကျေးရွာ မစိုးရိမ် ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေဌေး၊ ဦးထွန်းထွန်းဝင်းနှင့် ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းတို့က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ကျေးရွာပြည်သူများက မြစ်ကျိုးအင်းပေါက်ရေကာတာ ပြုလုပ်ပေးနိုင်ရေး၊ အခြေခံပညာကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ကျောက်လှေကား-မုံရွာဆက်သွယ်သောကားလမ်း ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး၊ ကနီ-မင်းကင်းလမ်း ဆက်လက်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနည်းပညာများ အသိပေးဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာချင်းဆက်လမ်း၊ ရေနုတ်မြောင်း၊ ပုဂ္ဂလိကကျွန်းစိုက်ခင်း ဆောင်ရွက်ရေးနှင့် ကျေးလက်ကျန်းမာရေးနှင့် ပတ်သက်သည့်မေးခွန်းများ ဆွေးနွေးမေးမြန်းခဲ့ကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၀ ရွာမှ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ဝါးခယ်မမြို့နယ် ရွှေလောင်းကျွန်းပတ်တာရှိ တာတမံ၊ ရေတံခါးနှင့် ရေနုတ်မြောင်းများ ပြန်လည်ပြုပြင်

**ဝါးခယ်မ ဇူလိုင် ၂၄**

ရွှေလောင်းကျွန်း ပတ်တာသည် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် တည်ရှိသည်။ ရွှေလောင်းကျွန်းပတ်တာကို ၁၉၇၈-၁၉၇၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေတံခါးပြုပြင်ခြင်းအနေဖြင့် အူကျွန်းရေတံခါး၊ ထော်ကနွတ်ရေတံခါးနှင့် တောင်အူရေတံခါးတို့ကို ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။



ရွှေလောင်းကျွန်းပတ်တာ စုစုပေါင်းအလျားမိုင် ၆ ဒသမ ၇၃ မိုင်ကို ပြန်လည်ပြုပြင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော မြောင်းများသာမက ဒေသမြောင်းများကိုပါ တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေသမြောင်း ၁၀ မြောင်း (စုစုပေါင်းအလျားမိုင် ၁၂ မိုင်)၊ ဌာနမြောင်း ၁၂ မြောင်း(စုစုပေါင်းအလျားမိုင် ၁၅ မိုင်)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒေသမြောင်း ခြောက်မြောင်း (စုစုပေါင်းအလျားမိုင် ၁၅ မိုင်)၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ခြောက်လတွင် ဒေသမြောင်း ၃၅ မြောင်း (စုစုပေါင်းအလျားမိုင် ၁၅ မိုင်)၊ ဌာနမြောင်း ၁၂ မြောင်း (စုစုပေါင်းအလျားမိုင် ၂၈ မိုင်)ကို တူးဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေလောင်းကျွန်းအတွင်းရှိ မဲဇလီကျေးရွာ၊ ရေလိန်ကျေးရွာ၊ ဗန်းမော်ကျေးရွာ၊ မိုးမခအုတ်ကျင်းကျေးရွာ၊ ရွှေလောင်းကျေးရွာ၊ အဂါတ်လက်ပန်ကျေးရွာ၊ တိုက်ကလားကျေးရွာ၊ ပေတောကျေးရွာများရှိ ရေနုတ်မြောင်းများသည် ပြန်လည်မတူးဖော်သည်မှာ ကြာမြင့်လှပြီဖြစ်သဖြင့် နွေစပါးစိုက်ပျိုးရာတွင် ရေယူရာ၌ အခက်အခဲရှိသော ကျေးရွာများဖြစ်သည်။

ရွှေလောင်းကျွန်းပတ်တာ၏ အလျားမှာ ၅၇ မိုင်ရှိပြီး ရေတံခါး ၁၂ လုံးပါဝင်သည်။ ရေနုတ်မြောင်း အရေအတွက်မှာ ၈၇ မြောင်းရှိပြီး ရေဘေးကာကွယ်ဧကမှာ ၄၈၆၄၈ ဧကဖြစ်သည်။

ယခုအချိန်တွင် အဆိုပါကျေးရွာများရှိ တူးမြောင်းများအား ပြန်လည်တူးဖော်ခဲ့ပြီးဖြစ်သဖြင့် လာမည့်နွေစပါးရာသီတွင် နွေစပါးစိုက်ပျိုးရေ အခက်အခဲမရှိ ဖူလုံစွာရရှိတော့မည်ဖြစ်သည်။ ထို့ကြောင့် ရွှေလောင်းကျွန်းအတွင်းရှိ တိမ်ကောနေသော ရေနုတ်မြောင်းများကို ပြန်လည်တူးဖော်ဆောင်ရွက်ပေးခြင်းအားဖြင့် ဒေသခံပြည်သူများ၏ ကုန်းလမ်း၊ ရေလမ်း ခရီးသွားလာရေးများ လွယ်ကူသွားခြင်း၊ ရေစီးရေလာကောင်းမွန်သွားခြင်းတို့ကြောင့် ကျွန်းအတွင်းရှိ လယ်မြေများ အထိုက်အလျောက် ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေမည်ဖြစ်သည်။

ယင်းအပြင် နွေစပါးစိုက်ဧကများ အခက်အခဲမရှိ အောင်ရေများ ရရှိလာမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ပူတာအိုတွင် မိုးစပါးစံကွက်များအား စုပေါင်းဓာတ်မြေဩဇာကြဲပက်



**ပူတာအို ဇူလိုင် ၂၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် မိုးစပါးအထွက်နှုန်းတိုးတက်ပြီး အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့် မျိုးစေ့များကိုအသုံးပြု၍ တောင်သူပညာပေးစံပြကွက်များ စိုက်ပျိုးပြီး တောင်သူပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ အဆိုပါစိုက်ပျိုးခဲ့သော စံပြကွက်များအား စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲကို ယနေ့နံနက်ပိုင်းက ပူတာအိုမြို့မတ်ပန်ကွင်း၌ ကျင်းပသည်။

အဆိုပါ စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲတွင် ပူတာအိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆောင်းက စပါးပင်ကြီးထွားမှုအဆင့်အလိုက် ဓာတ်မြေဩဇာကြဲပက်ပေးရမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာကြဲပက်ရာတွင် လေလွင့်ဆုံးရှုံးမှု လျော့နည်းအောင် လယ်ကန်သင်းများ၏ရေထွက်ပေါက်များကို ပိတ်ပြီးမှ ကြဲပက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် မျိုးကောင်းမျိုးသန့် မျိုးစေ့ရရှိစေရန် စပါးမျိုးကွဲများ နုတ်ပယ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပူတာအိုခရိုင်တွင် မိုးစပါးဧက ၁၄၉၆၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကဝမြို့နယ် ကြာတောကျေးရွာ ဧက ၁၀၀၀ အတွက် ဓာတ်မြေဩဇာများ ပေးအပ်

**ကဝ ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ (ကြာတောကျေးရွာ) (Durn Seeder) ဧက ၁၀၀၀ အား ပုလဲဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းကို ဇူလိုင် ၂၁ ရက်တွင် ကြာတောကျေးရွာ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ ပဲခူးခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးလေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကြိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ဝင်များ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ (ကြာတောကျေးရွာ)တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးလေးမြင့်က ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာပြုလုပ်ရသည့် ရည်ရွယ်ချက်၊ မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းနှင့် GAP



လုပ်ငန်းများဆွေးနွေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပဲခူးခရိုင် စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပုလဲဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ တောင်သူများကိုယ်စား တောင်သူ ဦးစိုးနိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆားလင်းကြီးမြို့နယ်၌ မူကြိုအရွယ်ကလေးများ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**ဆားလင်းကြီး ဇူလိုင် ၂၄**

မူကြိုအရွယ်ကလေးများ ဂိမ်းကစားပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဆားလင်းကြီးမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆားလင်းကြီးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၈ ဦးက ဂိမ်းကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး ကဗျာရွတ်ဆိုပြိုင်ပွဲကိုကျင်းပရာ "မင်္ဂလာပါ"၊ "မူကြိုကျောင်းကိုသွားကြမယ်"၊ "ပန်းကလေးများပွင့်တော့မည်"၊ "ကြောင်လေးတစ်ကောင်"၊ "တူပျော်ပျော်"၊ "ဝလုံးကလေး" စသည့်ကဗျာများကို ရွတ်ဆိုယှဉ်ပြိုင်ကြပြီး ကိုယ်ကာယလေ့ကျင့်ခန်းများကို ညီညီညာညာ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာနှင့်ဝန်ထမ်းများ၊ ဆရာမများက ပြိုင်ပွဲဝင်မူကြိုကလေးငယ်များအား အာဟာရကြက်သားဆန်ပြုတ်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ဥမ္မာခိုင်(ပြန်/ဆက်)**

# ချင်းဘာသာငါးမျိုးဖြင့် ဘာသာပြန်ဆိုထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း စတင်မိတ်ဆက်ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၂၄**

ချင်းဘာသာငါးမျိုးဖြင့် ဘာသာပြန်ဆိုထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) စတင်မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က "လူ့အခွင့်အရေးမြှင့်တင်ရေး၊ အသိပညာပြန့်ပွားရေးအတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)ကို တိုင်းရင်းသားဘာသာစကားတွေနဲ့ဖြန့်ဝေဖို့ ဆောင်ရွက်ခဲ့တာပါ။ ပြီးခဲ့တဲ့လကလည်း ကယားဘာသာစကားနဲ့ ပြန်ဆိုမှုတွေလုပ်ခဲ့ပါတယ်။ အခုလည်း ချင်းဘာသာစကားငါးမျိုးနဲ့ ဘာသာပြန်ဆိုခဲ့တာပါ။ ချင်းတိုင်းရင်းသားမှာ ဘာသာစကားများစွာရှိတဲ့အထဲက အဓိကကျတဲ့ ဘာသာငါးမျိုးကို ပြန်ဆိုခဲ့တာဖြစ်ပါတယ်။ ဘာသာပြန်တဲ့အခါမှာလည်း သက်ဆိုင်ရာဘာသာအလိုက် ကျွမ်းကျင်တဲ့သူတွေကပဲ ပြန်ဆိုပေးခဲ့ကြတာဖြစ်ပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)မှာပါရှိတဲ့ တိုက်တွန်းချက်၊ နှိုးဆော်ချက်ဖြစ်တဲ့ အသိပညာပြန့်ပွားရေး၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို လေ့လာသင်ကြားရေးဆိုတဲ့ အချက်တွေကိုလည်း ကျွန်တော်တို့ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ပြောသည်။




ဆက်လက်၍ ၎င်းက "တိုင်းရင်းသားတွေကို လေ့လာကြည့်လိုက်တဲ့အခါမှာ မြန်မာစကားမတတ်တဲ့သူတွေလည်း အများကြီးရှိတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ သူတို့လည်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)ပါ အချက်အလက်တွေကို သိရှိခွင့်ရှိတယ်။ လေ့လာခွင့်ရှိတယ်။ ကျင့်သုံးခွင့်ရှိပါတယ်။ ဒါကြောင့် တိုင်းရင်းသားဘာသာစကားတွေနဲ့ ပြန်ဆိုခဲ့ခြင်းပဲဖြစ်ပါတယ်။ အခုလို ဘာသာပြန်ဆိုထားတာတွေကိုဖြန့်ဝေပြီးတော့ လေ့လာခြင်းအားဖြင့် လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ ဗဟုသုတတွေ ပိုပြီးတော့ရရှိမှာဖြစ်ပါတယ်"ဟု ပြောသည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ကို ကချင်၊ ကရင် (အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ စကောကရင်) ဘာသာသုံးမျိုး၊ မွန်၊ ရှမ်း၊ ကယား စသည့် တိုင်းရင်းသားတို့အတွက် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာပြန်ဆိုနိုင်ခဲ့ပြီးဖြစ်ရာ ယနေ့တွင် ချင်းဘာသာငါးမျိုးဖြစ်သည့် ဇိုမီး၊ ဖလမ်း၊ ချိုး၊ အရှိုနှင့် ခူမီးဘာသာများကို ပြန်ဆိုပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ဘာသာပြန်ဆိုမှုများ ပြုလုပ်ရာတွင်လည်း သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန့်မင်းထန်က "အခုလို ဘာသာပြန်ဆိုလိုက်တဲ့အတွက် ချင်းတိုင်းရင်းသားတွေအတွက် တော်တော်အကျိုးရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီကြေညာစာတမ်းကို အခုမှပဲ ကောင်းကောင်းလေ့လာဖတ်ရှုရပါတယ်။ ဘာသာအခက်အခဲကြောင့် နားလည်သင့်သလောက် နားမလည်ခဲ့ဘူး။ ဒါကြောင့် မိခင်ဘာသာစကားနဲ့ ပြန်ဆိုလိုက်တော့ ပိုပြီးနားလည်သွားကြမှာပါ။ ဒီစာအုပ်ကို လူတိုင်းဖတ်နိုင်ဖို့အတွက် လူမှုအဖွဲ့အစည်းတွေကတစ်ဆင့် နားလည်အောင်ရှင်းပြနိုင်ဖို့ ပိုမိုအားသန်ပါတယ်။ လူတိုင်းနားလည်မှ ညီညွတ်တဲ့ အဖွဲ့အစည်းဖြစ်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်" ဟု ပြောသည်။

လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ခြင်းဆောင်ရွက်မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့်သွားရောက်ကာ လှုပ်ရှားဆောင်ရွက်ခြင်းအားဖြင့်လည်းကောင်း၊ တိုင်းရင်းသားတို့အနေဖြင့် မိမိတို့၏ ဘာသာစကားများအလိုက် ဘာသာပြန်ဆိုထားသည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ဖတ်ရှုကြရခြင်းအားဖြင့်လည်းကောင်း လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ သိရှိလာခြင်းသည် ဒီမိုကရေစီစနစ်ကို ထူထောင်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းရင်းသားဘာသာများဖြင့် ပြန်ဆို**

၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက အပိုဒ်ပေါင်း ၃၀ ပါ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ကို ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါကြေညာစာတမ်းကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ၂၀၁၃ ခုနှစ်တွင် မြန်မာဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့ပြီး ထိုမှတစ်ဆင့် တိုင်းရင်းသားဘာသာများဖြင့် ပြန်ဆိုခဲ့ခြင်းဖြစ်သည်။

ယနေ့အခမ်းအနားသို့ ချင်းပြည်နယ် လူမှုရေးဝန်ကြီး၊ ချင်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားတွင် ချင်းဘာသာငါးမျိုးဖြင့် ဘာသာပြန်ဆိုထုတ်ဝေထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ချင်းပြည်နယ်အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းသို့ လွှဲပြောင်းပေးအပ်ရာတွင် တစ်ဘာသာလျှင် အုပ်ရေငါးထောင်နှုန်းဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ဒဂုံတက္ကသိုလ်၌ ဂျူဒိုသရုပ်ပြပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**

တက္ကသိုလ်ပေါင်းစုံ ဂျူဒိုပြိုင်ပွဲများမှတစ်ဆင့် အာဆီယံ တက္ကသိုလ်ဂျူဒိုပြိုင်ပွဲများအထိ မျိုးဆက်သစ်မောင်မယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်နှင့် ဒဂုံတက္ကသိုလ်သမဂ္ဂအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အခြေခံဂျူဒိုသင်တန်းဖွင့်ပွဲ၊ ဂျူဒိုဝတ်စုံပေးအပ်ပွဲနှင့် ဂျူဒိုသရုပ်ပြပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ဒဂုံတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပသည်။



**ပြန်လည်နိုးထလာ**

အခမ်းအနားတွင် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ကို ၁၉၆၅ ခုနှစ်တွင် အသစ်ပြန်လည်ဖွဲ့စည်းပြီး ၁၉၆၈ ခုနှစ်နှောင်းပိုင်းကာလကပင် တက္ကသိုလ်များတွင် ဂျူဒိုကလပ်အသင်းများ ပေါ်ပေါက်ခဲ့သည်။ တက္ကသိုလ်ပေါင်းစုံ ဂျူဒိုပြိုင်ပွဲများကို ၁၉၈၆ ခုနှစ်အထိ အစဉ်တစိုက်ပြိုင်ပွဲများကျင်းပနိုင်ခဲ့ပြီး ယင်းနောက်ပိုင်းတွင် တက္ကသိုလ်များ ဂျူဒိုပြိုင်ပွဲများသည် တဖြည်းဖြည်း မှေးမှိန်ကွယ်ပျောက်ခဲ့ရာ ယနေ့တက္ကသိုလ်သမဂ္ဂအားကစားအဖွဲ့၏ ကြိုးပမ်းမှုများကြောင့် ပြန်လည်နိုးထလာခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က ပြောသည်။ ဆက်လက်၍ တက္ကသိုလ်များတွင် မျိုးဆက်သစ်ဂျူဒိုကလပ် အသင်းများပြန်လည်ရှင်သန်ပေါ်ထွန်းလာစေရေးနှင့် လူငယ်လူရွယ်များအနေဖြင့် အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိရှိအသုံးချတတ်ပြီး ဂျူဒိုပညာကို လေ့လာလိုက်စားခြင်းဖြင့် ဗလငါးတန်နှင့်ပြည့်စုံသော ဂျူဒိုအားကစားမျိုးဆက်သစ်များပေါ်ထွန်းလာရေးကိုဂျူဒိုအဖွဲ့ချုပ်အနေဖြင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

**သရုပ်ပြ**

ထို့နောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ဂျူဒိုဝတ်စုံနှင့် ဂျူဒိုအထောက်အကူပြုပစ္စည်းများ ပေးအပ်ရာ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်နေသွယ်ခြည်က လက်ခံရယူပြီး မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မှ ဂျူဒိုအခြေခံကျနည်းနှင့် နည်းစနစ်များအား စမ်းသပ်တီထွင် သရုပ်ပြခြင်း၊ မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ အား/ကာသိပ္ပံ(ရန်ကုန်) တို့မှ ကျောင်းသား ကျောင်းသူများက သရုပ်ပြခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စောသိန်းဝင်း**

# Myanmar Mobile Money အား IQS Award (Gold Category)ဆုချီးမြှင့်



**ရန်ကုန် ဇူလိုင် ၂၄**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် မေ ၂၈ ရက်က ကျင်းပသည့် 32nd International Quality Convention တွင် BID အဖွဲ့အစည်းက ချီးမြှင့်သည့် IQS Award (Gold Category) ဆုကို Myanmar Mobile Money က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**လက်ခံရယူ**

ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀ ကျော်တွင်ရှိသည့် အောင်မြင်သောစီးပွားရေးလုပ်ငန်းများ၏ စံပြုထိုက်သည့် လုပ်ဆောင်ချက်များကို သုတေသနပြုသည့် စပိန်အခြေပြု Business Initiative Directions(BID) အဖွဲ့အစည်းသည် အာဆီယံဒေသတွင်းရှိ နိုင်ငံများမှ လုပ်ငန်းနယ်ပယ်အသီးသီးအား Survey ပြုလုပ်ပြီး နှစ်စဉ်ရွေးချယ်ဆုချီးမြှင့်ခဲ့ရာ ၂၀၁၈ ခုနှစ်အတွက် Myanmar Mobile Money မှရရှိခဲ့ပြီး အမှုဆောင်အရာရှိချုပ် ဦးကျော်စွာဦးနှင့်အဖွဲ့ ဇူလိုင် ၂၀ ရက်က တက်ရောက်လက်ခံရယူခဲ့ကြသည်။

Myanmar Mobile Money Services လုပ်ငန်းသည် အင်းဝဘဏ်လီမိတက်၏ Service Provider အဖြစ် မြန်မာနိုင်ငံ၌ ပထမဦးဆုံးဆောင်ရွက်ခဲ့သည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် အများပြည်သူသို့ ဝန်ဆောင်မှုပေးနိုင်ရန် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

**တိုးမြှင့်ဆောင်ရွက်**

"လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံမှာရှိတဲ့ ဌာနဆိုင်ရာဘဏ်တွေဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ်၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်နဲ့ အင်းဝဘဏ်လီမိတက်တို့နဲ့ ပူးပေါင်းပြီး ဘဏ်နဲ့ဆက်နွယ်တဲ့ Customer အားလုံးကိုပါ ဝန်ဆောင်မှုပေးနိုင်ဖို့ တစ်ဆင့်ချင်းတိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုမှာရှိတဲ့ ဘဏ်ပေါင်း ၄၀၀ ခန့်နဲ့ ဝန်ဆောင်မှုကိုယ်စားလှယ် ၂၈၀၀ ကျော်က ဝန်ဆောင်မှုကို နေ့စဉ်တွင်ကျယ်စွာဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းစုတစ်ခုလည်း ဖြစ်ပါတယ်" ဟု ဦးကျော်စွာဦးက ပြောသည်။

**ကြေးမုံ**

# ဆီးရီးယားပဋိပက္ခများနှင့် ပတ်သက်၍ ရုရှားနှင့် အစ္စရေး တွေ့ဆုံဆွေးနွေး



**မော်စကို ဇူလိုင် ၂၄**
ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့သည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဂျေရုဆလင်မြို့၌ တွေ့ဆုံကာ ဆီးရီးယားအခြေအနေနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၄ ရက်တွင် သတင်းထုတ်ပြန် သည်။

## ဆွေးနွေး

ဝန်ကြီးလက်ဗ်ရော့နှင့် ဝန်ကြီးချုပ်နေတန်ယာဟုတို့သည် ဇူလိုင် ၂၃ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးဆိုင်ရာ အစီအမံများ ချမှတ်ဆောင်ရွက်ကြရန်လည်းကောင်း၊ ဆီးရီးယားနိုင်ငံနှင့် ယင်းနိုင်ငံတို့ ထိစပ်နေသော အနီးဝန်းကျင် ဒေသများ၏ အခြေအနေနှင့် ပတ်သက်၍ လည်းကောင်း ၎င်းတို့ဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

## တက်ရောက်

အဆိုပါ ဆွေးနွေးပွဲတွင် ဆီးရီးယားနိုင်ငံ၌ အီရန်နိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး လှုပ်ရှားဆောင်ရွက်မှု အပါအဝင် ဆီးရီးယားအခြေအနေတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြရာတွင် ရုရှားနှင့် အစ္စရေး အထက်တန်း စစ်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း ဝန်ကြီးချုပ်နေတန်ယာဟု၏ရုံးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ဆီးရီးယားတပ်မတော်အနေဖြင့် အကြမ်းဖက်အုပ်စုအမျိုးမျိုးကို ချေမှုန်းတိုက်ခိုက်ရာတွင် အီရန်နှင့် ရုရှားနိုင်ငံတို့က အားပေးကူညီလာခဲ့သည်မှာ နှစ်ပေါင်း အတန်ကြာမျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ အကြမ်းဖက်အုပ်စုအများအပြားကို အစ္စရေးနှင့် ယင်း၏ မဟာမိတ်များက ထောက်ခံကြသည်ဆို၏။

ဆီးရီးယားနိုင်ငံ၏ ဖိစီးနေသော ပဋိပက္ခမှုများကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းကြရာတွင် အီရန်အပါအဝင် ဩဇာရှိသောပြင်ပနိုင်ငံများ ပါဝင်သင့်သည်ဟု ရုရှားနိုင်ငံက ထပ်တလဲလဲ ပြောကြားခဲ့ပြီးဖြစ်သည်။ ဆီးရီးယားနိုင်ငံအား အကြမ်းဖက်အုပ်စုများနှင့် အမေရိကန်စွက်ဖက်မှုတို့မှ အကာအကွယ်ပေးနိုင်ရန် အီရန်နှင့် ရုရှားတို့၏ စစ်ရေးတည်ရှိမှုမှာ အရေးကြီးကြောင်း အီရန် အထက်တန်း တာဝန်ရှိသူ အလီအက္ကဘာ ဗီလာယာတီက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ဂျပန်တွင် ကျရောက်သော ပြင်းထန်သည့် အပူလှိုင်းကြောင့် လူ ၁၅ ဦး သေဆုံး လူသောင်းကျော် နာမကျန်းဖြစ်

**တိုကျို ဇူလိုင် ၂၄**
ဇူလိုင်လ ပထမရက်သတ္တနှစ်ပတ်အတွင်း ဂျပန်နိုင်ငံတွင် ပြင်းထန်သော အပူလှိုင်းကျရောက်မှုကြောင့် လူ ၁၅ ဦးသေဆုံး ခဲ့ရပြီး လူပေါင်း ၁၂၀၀၀ ခန့်ကို ဆေးရုံတင် ကုသမှုပြုလုပ်ပေးခဲ့ရကြောင်း၊ ထိုစဉ်အတွင်း ဇူလိုင် ၂၂ ရက်က နိုင်ငံတစ်ဝန်းရှိ မြို့အများအပြား၌ ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီ ဖာရင်ဟိုက်) နီးပါး အပူချိန်မြင့်တက်ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အစောပိုင်းက အပူလှိုင်းဒဏ်ကြောင့် လူသုံးဦးသာ သေဆုံးပြီး နောက်ထပ် လူ ၁၂ ဦး အပူရှပ်ကာ ထပ်မံသေဆုံးခဲ့ကြောင်း နောက်ဆုံးရရှိသည့် အချက်အလက်များအရ သိရသည်။

ဇူလိုင်လလယ်တွင် လူပေါင်း ၉၉၀၀ ကျော်မှာ အပူရှပ်သည့် ဝေဒနာခံစားရသဖြင့် ဆေးရုံများသို့ သွားရောက်ခဲ့ကြရပြီး ယင်းမတိုင်မီ ရက်သတ္တပတ်အတွင်း၌ လူပေါင်း ၂၇၀၀ မှာ ဆေးဝါးကုသမှု ခံယူခဲ့ရကြောင်း မီးသတ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။

ယခုအချိန်အထိ ချစ်ချစ်တောက်ပူပြင်းသည့် ရာသီဥတုမှာ လျော့ပါးသွားမည့် လက္ခဏာများ မပြသသေးပေ။

ဂျပန်နိုင်ငံမြို့တော် တိုကျိုတွင် ဇူလိုင် ၂၁ရက်က အရေးပေါ် လူနာတင်ယာဉ် ၃၀၉၁ စီးကို ဖြန့်ချထားပြီး ယင်းသို့ လူနာတင်ယာဉ် ဖြန့်ချထားမှု စံချိန်တင်သည့် နေ့တစ်နေ့ဖြစ်ခဲ့သည်။ဇူလိုင် ၂၂ ရက်တွင် ဂျပန်နိုင်ငံ တစ်ဝန်းလုံးရှိ အပူချိန် တိုင်းတာရေးစခန်း ၂၂၇ ခုတွင် ၃၅ ဒီဂရီ စင်တီဂရိတ်အထိ အပူချိန် မြင့်တက်ခဲ့ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံကျွန်းမကြီး၏ ဒေသအများစုတွင် သာမန်ထက် လွန်ကဲသော အပူချိန်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။
**အေအက်ဖ်ပီ**

# လာအိုနိုင်ငံ၌ ဆည်ကျိုးပေါက်မှုဖြစ်ပွား၊ လူရာပေါင်းများစွာ ပျောက်ဆုံးနေ

**ဗီယင်ကျန်း ဇူလိုင် ၂၄**
လာအိုနိုင်ငံ အရှေ့တောင်ပိုင်းရှိ တည်ဆောက်လက်စ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည် ကျိုးပေါက်မှုဖြစ်ပွားရာ လူရာပေါင်းများစွာ ပျောက်ဆုံးနေပြီး လူအချို့ သေဆုံးရဖွယ်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆည်ကျိုးပေါက်မှု ဖြစ်စဉ်အတွင်း ကျေးရွာခြောက်ရွာမှာ ရုတ်ခြည်း ရေလွှမ်းမိုးခံခဲ့ရကြောင်း လာအိုနိုင်ငံပိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။







လာအိုနိုင်ငံ၌ မြစ်ချောင်းအင်းအိုင်ပေါကြွယ်ဝပြီး ကုန်းတွင်းပိတ်နိုင်ငံဖြစ်၍ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများကို အစိုးရက အကောင်အထည်ဖော်လျက်ရှိသည်။ လာအိုနိုင်ငံ၌ ထုတ်လုပ်သော ရေအားလျှပ်စစ်ဓာတ်အားကို ထိုင်းနိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချသည်။

## တွေ့ကြုံ

လာအိုနိုင်ငံ အက်တာပူး ပြည်နယ်ဆာနမ်ဇေးခရိုင်၌ ဇူလိုင် ၂၃ ရက် နှောင်းပိုင်းက ဆည်ကျိုးပေါက်မှုဖြစ်ပွားခဲ့ရာတွင် ရေကုဗမီတာ ငါးဘီလီယံခန့်ကို ထုတ်လွှတ်ခဲ့သဖြင့် အနီးအပါးရှိ ကျေးရွာများမှ ပြည်သူများ ရေလွှမ်းမှုနှင့် တွေ့ကြုံခဲ့ကြရသည်။

ဆည်ကျိုးမှုကြောင့် ဒေသခံပြည်သူများမှာ ကလေးငယ်များကို ခေါ်ဆောင်၍ သစ်သားလှေများအပေါ် အစုအပြုံလိုက် လိုက်ပါကာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည်။

ဇူလိုင် ၂၃ ရက် ည ၈ နာရီခန့်တွင် ဆည်ကျိုးခဲ့ပြီး နေအိမ်အများအပြား ရေစီးနှင့်အတူ မျောပါခဲ့ရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ**

# ဂရိနိုင်ငံ အေသင်ဒေသ၌ တောမီးသင့်၊ သေဆုံးသူ ၅၀ အထိရှိ

**အေသင် ဇူလိုင် ၂၄**
ဂရိနိုင်ငံမြို့တော် အေသင်ဒေသ၏ သစ်တောနယ်မြေများနှင့် ကျေးရွာများ၌ တောမီးပြင်းထန်စွာလောင်ကျွမ်းနေမှုကြောင့် သေဆုံးသူ ဦးရေ ၅၀ အထိ ရှိလာပြီး ထိခိုက်ဒဏ်ရာရသူ ၁၇၀ အထိရှိလာကြောင်း၊ အာဏာပိုင်များသည် ပင်လယ်ကမ်းခြေဒေသတစ်လျှောက်တွင် သောင်တင်နေသည့် ခရီးသွားများနှင့် ဒေသခံများအား ဇူလိုင် ၂၄ ရက်တွင် ဘေးကင်းရာသို့ အလျင်အမြန်ရွှေ့ပြောင်းပေးလျက်ရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ပင်လယ်ကမ်းခြေအပန်းဖြေစခန်းမြို့ဖြစ်သည့် မာတီမြို့ရှိ ရိပ်သာတစ်ခု၏ခြံဝင်းအတွင်း သေဆုံးနေသူများ၏ ရုပ်အလောင်း ၂၆ လောင်းကို ရှာဖွေတွေ့ရှိခဲ့ရသည်ဟု ကြက်ခြေနီ အဖွဲ့မှ သတင်းပေးပို့ချက်အရ သေဆုံးသူဦးရေ တိုးမြင့်လာနေကြောင်း သိရှိရသည်။

သေဆုံးသူများ၏ ရုပ်အလောင်းများမှာ တစ်ခုနှင့်တစ်ခု ထပ်နေပြီး ၎င်းတို့သည် ပြင်းထန်သော မီးလောင်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ရကြောင်း အခင်းဖြစ်ရာသို့ ရောက်ရှိခဲ့သည့် အေအက်ဖ်ပီဓာတ်ပုံသတင်းထောက်က ပြောကြားသည်။ မီးတောက်မီးလျှံများစွဲလောင် ခံရသူများသည် ပင်လယ်ရေပြင်သို့ ရောက်ရှိရန် ကြိုးပမ်းခဲ့ပုံရကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်။

ဂရိနိုင်ငံမြို့တော် အေသင်မြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၄၀ (၂၅မိုင်)အကွာရှိ မာတီမြို့တွင် မီးလောင်မှုကြောင့် သေဆုံးရသူများအနက် အများစုကို ၎င်းတို့၏ နေအိမ်အတွင်း သို့မဟုတ် မော်တော်ယာဉ်များအတွင်း သေဆုံးနေသည်ကို တွေ့ရှိရသည်။ ဂရိအာဏာပိုင်များက ထိခိုက်ဒဏ်ရာရသူ ၂၄ ဦးရှိကြောင်း အစောပိုင်းက ထုတ်ပြန်ကြေညာခဲ့သည်။ ထိခိုက်ဒဏ်ရာရသူများထဲတွင် လူ ၁၁ ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေသည်။

အမျိုးသမီးသုံးဦးနှင့် ကလေးငယ်တစ်ဦးတို့၏ ရုပ်အလောင်းကို ပင်လယ်တွင်း၌ တွေ့ရှိခဲ့ကြောင်း ဆိပ်ကမ်းတာဝန်ရှိသူများက အေအက်ဖ်ပီသို့ ပြောကြားသည်။ ၎င်းတို့မှာ မီးတောက်မီးလျှံများမှ လွတ်မြောက်ရန် ကြိုးပမ်းခဲ့ပုံရသည်ဟု ဆိုသည်။

ဇူလိုင် ၂၃ ရက် ညပိုင်းက နေရာအနှံ့တွင် မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ပြီး ဇူလိုင် ၂၄ ရက် အရုဏ်တက်ချိန်အထိ မြို့တော်အေသင်ဝန်းကျင်တွင် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားဆဲရှိသည်။
**အေအက်ဖ်ပီ**



# နယူးကာဆယ်နောက်ခံလူ အမ်ဘမ်ဘာကို ပေါ်တိုအသင်း ခေါ်ယူ

ပေါ်တိုအသင်းသည် နယူးကာဆယ်အသင်းမှ နောက်တန်းကစားသမား အမ်ဘမ်ဘာအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ အမ်ဘမ်ဘာသည် ပေါ်တိုအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ပေါ်တူဂီကလပ် ပေါ်တိုအသင်းတွင် ၂၀၂၂ ခုနှစ် နွေရာသီကာလအထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုနောက်တန်းကစားသမား အမ်ဘမ်ဘာသည် ၂၀၁၃ ခုနှစ်က အန်ဒါလက်ချ်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ အသက် ၂၃ နှစ်အရွယ်ရှိ ဗဟိုခံစစ်ကစားသမား အမ်ဘမ်ဘာသည် ယခုသီတင်းပတ်ကုန်တွင် အသင်းဟောင်းနှင့် တွေ့ဆုံမည်ဖြစ်ပြီး ရာဖေးလ်ဘင်နီတက်ဇ်၏ နယူးကာဆယ်အသင်းမှာ စနေနေ့တွင် ပေါ်တိုအသင်းနှင့် ကစားရမည်ဖြစ်သည်။

ပေါ်တိုအသင်းသည် ၂၀၀၄ ခုနှစ်က ချန်ပီယံလိဂ်ဖလားရရှိထားသည့် အသင်းဖြစ်ပြီး ယင်းသို့ချန်ပီယံလိဂ်ဖလားရရှိထားခြင်းကို အမ်ဘမ်ဘာအနေဖြင့် သတိတရရှိနေခြင်းကြောင့် ပေါ်တိုအသင်းနှင့် စာချုပ်ချုပ်ဆိုရခြင်းကို ဂုဏ်ယူမိကြောင်း ပြောကြားခဲ့သည်။

အမ်ဘမ်ဘာသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း နယူးကာဆယ်အသင်းအတွက် လေးဦးမြောက်ထွက်ခွာသည့်ကစားသမားဖြစ်ပြီး မီရီနို၊ ဂျီးဆပ် ဂါမက်ဇ်နှင့် ဟိုင်ဒိုင်ရာတို့သည် နယူးကာဆယ်အသင်းနှင့် လမ်းခွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။





# တယ်ရီဟင်နရီ အက်စတွန်ဗီလာနည်းပြ ဖြစ်လာမလား

အာဆင်နယ်အသင်းနဲ့ ပြင်သစ်အသင်းတို့အတွက် ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်ခဲ့တဲ့ တိုက်စစ်မှူး ဟင်နရီဟာ အက်စတွန်ဗီလာအသင်းနည်းပြဖြစ်လာဖို့ နီးစပ်မှုရှိနေပြီဖြစ်ကြောင်း ဒေးလီးစတားသတင်းဌာနက ဖော်ပြထားပါတယ်။

လက်ရှိမှာ အက်စတွန်ဗီလာအသင်းက နည်းပြစတိဗ်ဘရုစ်ကို ထုတ်ပယ်ခြင်းမရှိသေးဘဲ အက်စ်တွန်ဗီလာအသင်းနည်းပြအဖြစ် ဆက်လက်ခန့်ထားမှာလားဆိုတာကို စတိဗ်ဘရုစ်အနေနဲ့ စောင့်ဆိုင်းနေတာဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းရဲ့ လက်ရှိပိုင်ရှင်တွေကတော့ စတိဗ်ဘရုစ်ရဲ့နေရာမှာ ဟင်နရီနဲ့ အစားထိုးဖို့စီစဉ်နေတာဖြစ်ပြီး နည်းပြစတိဗ်ဘရုစ်နဲ့ တွေ့ဆုံဖို့လည်း ဘာမင်ဂန်မြို့ကို ရောက်ရှိနေပြီလည်း ဖြစ်ပါတယ်။

ဒေးလီးစတားသတင်းဌာနရဲ့ သတင်းဖော်ပြချက်မှာတော့ ဘယ်လ်ဂျီယံလက်ထောက်နည်းပြ ဟင်နရီနဲ့ အက်စ်တွန်ဗီလာ အသင်းတို့ သဘောတူညီမှုရထားတယ်ဆိုတာနဲ့ စတိဗ်ဘရုစ်ကလည်း လက်ရှိ အက်စ်တွန်ဗီလာအသင်းမှာ ရှိနေဆဲဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဘယ်လ်ဂျီယံအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တဲ့အသင်းဖြစ်ခြင်းကြောင့် လက်ထောက်နည်းပြ ဟင်နရီကို ခေါ်ယူဖို့ အက်စ်တွန်ဗီလာအသင်းက စီစဉ်လာတာလည်း ဖြစ်ပါတယ်။

ဟင်နရီဟာ ပြင်သစ်လက်ရွေးစင်အသင်းမှာ ကစားခဲ့စဉ်ကလည်း ၁၂၃ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၅၁ ဂိုးအထိသွင်းယူနိုင်ခဲ့တာကြောင့် ပြင်သစ်အသင်းအတွက် ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့သလို ၁၉၉၈ ခုနှစ်ကလည်း ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

အခုနည်းပြဘဝဖြတ်သန်းချိန်မှာလည်း ဘယ်လ်ဂျီယံအသင်းနည်းပြရောဘတ်တိုမာတီနက်ဇ်ရဲ့ ဒုတိယလက်ထောက်နည်းပြဘဝမှာ အောင်မြင်မှုရရှိနေတာလည်းဖြစ်ပါတယ်။

# နည်းပြမော်ရင်ဟိုက ကစားသမားနှစ်ဦးမက ခေါ်ယူမည်ဟုဆို

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် လာမည့်ဘောလုံးရာသီမစတင်မီ ကစားသမားနှစ်ဦးထက်မက ခေါ်ယူရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ပေါ်တူဂီနိုင်ငံသား နည်းပြမော်ရင်ဟိုသည် လက်ရှိတွင် ဂိုးသမား လီဂရန့်၊ နောက်တန်းကစားသမား ဒါလော့နှင့် ကွင်းလယ်ကစားသမား ဖရက်ဒ်တို့ကို ခေါ်ယူထားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် အသင်း၏ ကစားသမားအင်အားတောင့်တင်းစေရေးအတွက် နောက်ထပ်ကစားသမားနှစ်ဦးထက်မနည်းခေါ်ယူရန် ဆန္ဒရှိနေသည်ဟုဆိုသည်။

ပရီမီယာလိဂ်ကလပ်အသင်းများက အပြောင်းအရွှေ့ကာလကို ဘောလုံးရာသီတစ်ခုမစတင်မီ ရက်အနည်းငယ်အလိုတွင် ပိတ်သိမ်းရန်တောင်းဆိုထားခဲ့ခြင်းကြောင့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီအတွက် ဩဂုတ် ၉ ရက်တွင် ပိတ်သိမ်းမည်ဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိတွင် နောက်တန်းကစားသမားများဖြစ်သည့် မာကွိုယာ၊ အယ်လ်ဒါဝီးလ်နှင့် ဘိုနျူစီတို့ကို ခေါ်ယူလိမ့်မည်ဟု သတင်းများထွက်ပေါ်နေပြီး တိုက်စစ်ပိုင်းအတွက်မူ ထပ်မံခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် လိုအပ်နေသည့် နောက်တန်းခံစစ်ကြောင်းအတွက် အပြောင်းအရွှေ့ဈေးကွက်မပိတ်မီ ကစားသမားနှစ်ဦးအထိ ခေါ်ယူနိုင်ရန် နည်းပြမော်ရင်ဟိုက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင်မူ ကစားသမားတချို့ကို ခေါ်ယူထားပြီးဖြစ်သောကြောင့် နည်းပြမော်ရင်ဟိုအနေဖြင့် အပြောင်းအရွှေ့ဈေးကွက် မပိတ်မီ ကစားသမားရောင်းချခြင်းနှင့် ခေါ်ယူခြင်းတို့ကို ပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။





# ဂျူဗင်တပ်နောက်ခံလူ ရူဂါနီကို ခေါ်ယူရန် ချယ်လ်ဆီးအသင်း ပြင်ဆင်လျက်ရှိ

ချယ်လ်ဆီးအသင်းသည် ဂျူဗင်တပ်အသင်းနောက်တန်းကစားသမား ရူဂါနီကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ကနဦးကမ်းလှမ်းထားမှုကို ဂျူဗင်တပ်အသင်းက ငြင်းဆိုခဲ့ခြင်းကြောင့် ပေါင် ၄၅ သန်းအထိ တိုးပြီး ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်သည်။

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းအတွက် အားထားရသည့် နောက်ခံလူ ရူဂါနီကို ချယ်လ်ဆီးအသင်းက ပထမတွင် ပေါင် ၃၆ သန်းဖြင့်သာ ကမ်းလှမ်းခဲ့ရာ ဂျူဗင်တပ်အသင်းက ငြင်းဆိုခဲ့ခြင်းဖြစ်သော်လည်း ချယ်လ်ဆီးနည်းပြဆာရီကပါ နောက်တန်းကစားသမား ရူဂါနီကို စိတ်ဝင်စားနေခြင်းကြောင့် စတမ်းဖို့ဒ်ဘရစ်ခ်ျအရောက် ခေါ်ယူရန်စီစဉ်လာခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ရူဂါနီအပြင် စီအက်စ်ကေအေမော်စကိုအသင်းမှ ဂိုလိုဗင်ကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

ငွေကြယ် - ရေးသားသည်

# တပ်ကုန်း၊ ပင်လည်ဘူး၊ ကျောက်တံခါး၊ မဘိမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၄**

မူးယစ်တပ်ဖွဲ့စု ၁၀၁ နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီခွဲက တပ်ကုန်းမြို့ ဆရာစံရပ်ကွက် နယ်မြေ ၉ ရွှေဝါထွန်းလမ်းနေ ကိုဖြိုး(ခ)မောင်ဖြိုးနှင့် ၎င်း၏ဇနီးမသီတာတို့၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃ ပြား၊ ငွေကျပ် ၂၀၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဇူလိုင် ၂၁ ရက်က ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လည်ဘူးမြို့နယ် ပင်လည်ဘူး-ဝန်းသို ကားလမ်း ကျောက်မီးသွေးလမ်းဆုံတွင် ယာဉ်မောင်းမင်းသူ မောင်းနှင်လာသည့် Wish မော်တော်ယာဉ်ကို တွေ့ရှိစစ်ဆေးရာ မော်တော်ယာဉ်မှာ မှတ်ပုံတင်ထားခြင်းမရှိကြောင်း တွေ့ရှိ၍ အမှုဖွင့် အရေးယူထားရှိပြီး ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီက ပင်လည်ဘူးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အမှုမှ သိမ်းဆည်းထားသည့် မော်တော်ယာဉ်ကို ထပ်မံစစ်ဆေးရာ ဘိန်းဖြူဆပ်ပြာခွက် ၂၀၆ ခွက် (အလေးချိန် ၂ ဒသမ ၂၆၆ ကီလို) ကိုလည်းကောင်း။ **(ယာပုံ)**

ထို့အတူ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်တံခါးမြို့နယ် အောင်မြင်စုကျေးရွာအုပ်စု ကမ္ဘောဇရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင် ၁၂၅/၆ နှင့် ၁၂၅/၇ ကြားတွင် ရပ်တန့်ထားသည့် ယာဉ်မောင်း စိုင်းဝဏ္ဏ၏ SURF မော်တော်ယာဉ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ ငွေကျပ် ၉၆၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ကျောက်တံခါးမြို့နယ် ကင်မွန်းအင်းကျေးရွာအုပ်စု သပြေတန်း (ရှမ်း)ကျေးရွာရှိ စိုင်းဝဏ္ဏ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၂၉၂ ပြားကိုလည်းကောင်း။



ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီက မဘိမ်းမြို့နယ် ခိုတော့ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က မဘိမ်း- ငါးအိုးကားလမ်း ရမ်းဘိုလမ်းခွဲတွင် ဗိုးဇီ(ခ)ကံရွှေနှင့် မနွယ်နီအေးတို့ နှစ်ဦးအား မော်တော်ဆိုင်ကယ် တစ်စီးနှင့်အတူ တွေ့ရှိပြီး မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးရှာဖွေခဲ့ရာ ဘိန်းဖြူဆပ်ပြာခွက် ငါးခွက်(အလေးချိန် ၅၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူစစ်ဆေးရေးစခန်း၌ ပိတောက်သစ်ခွဲသားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၄**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇူလိုင် ၂၂ ရက်က MITSHUBISHI FUSO EXPRESS ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်သစ်ခွဲသား ၃ ဒသမ ၆၆၇ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၀၀၁ သန်းခန့်ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၁၈ စီး၊ သွင်းကုန် ၉၅၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄ စီး၊ သွင်းကုန် ၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀ ဒသမ ၀၀၁ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၃၉ သန်းခန့်) စုစုပေါင်း တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁ ဒသမ ၁၄၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မိုးသည်းထန်စွာရွာသွန်းပြီး အတ္ထရံမြစ်ရေမြင့်တက်မှုကြောင့် ကျိုက်မရောမြို့နယ် ကျေးရွာအချို့ ရေနစ်မြုပ်

**ကျိုက်မရော ဇူလိုင် ၂၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် မုတ်သုံလေအားကောင်းပြီး မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်း၍ အတ္ထရံမြစ်ရေ ရေပြည့်အမှတ် ၃၆၂ စင်တီမီတာ၊ (စိုးရိမ်ရေမှတ် ၅၂၀ စင်တီမီတာ)သို့ ရောက်ရန် နီးကပ်နေပြီး ဦးလေးကျေးရွာအုပ်စု ကမ်းနားပိုင်းသို့ ရေဝင်ရောက်ကာ ငပြေမကျေးရွာ ကမ်းနားပိုင်းလမ်းနှင့် ငပြေမအထက(ခွဲ) စာသင်ကျောင်းအတွင်းသို့ ရေများ စတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

# ရိုက်တာသတင်းထောက်နှစ်ဦးအား ရုံးထုတ် ကိုကျော်စိုးဦး(ခ)မိုးအောင်အား စစ်မေး

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေပုဒ်မနှင့် ဖမ်းဆီးခြင်းခံထားရသော ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့ကို ယနေ့နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်း ၃၃ ချိန်းမြောက် ရုံးထုတ်ခဲ့ပြီး ယမန်နေ့က ကိုသက်ဦးမောင်(ခ)ဝလုံးကို ပထမတစ်ဦးအနေဖြင့် စစ်မေးမှုပြီးဆုံးသွားသည်။ ပြီးနောက် ပြစ်မှုမှ ပါဝင်ပတ်သက်သူ ကိုကျော်စိုးဦး(ခ)မိုးအောင်ကို ဒုတိယတစ်ဦးအနေဖြင့် တရားခွင် ၆ ဒုတိယခရိုင်တရားသူကြီးဦးရဲလွင်က ယနေ့လက်ခံစစ်ဆေးခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ရဲမှူးကြီးယုနိုင် ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံးပါ-၂ ဦးကို မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ၃(၁)(ဂ) အရ စွဲဆိုမှုကနေ ဒုတိယအနေနဲ့ ပြစ်မှုကျူးလွန်သူ ကျော်စိုးဦး(ခ)မိုးအောင်ကို ဒီကနေ့ စစ်ဆေးပါတယ်။ နှစ်ဖက်ရှေ့နေများရဲ့ အပြန်အလှန်စစ်မေးတာတွေရှိနေတော့ ရုံးချိန်းကုန်တဲ့ထိ မပြီးဆုံးသေးတဲ့အတွက် ကျော်စိုးဦး(ခ)မိုးအောင်ကို ထပ်စစ်မေးဖို့ ကျန်ရှိနေသေးတဲ့အတွက် ဇူလိုင် ၃၀ ရက် (တနင်္လာနေ့)မှာ သူ့ကိုပဲ စစ်ဆေးဖို့ ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ချောင်းရေကြီးစဉ် နွားလှည်းဖြင့် ဖြတ်ကူးရာမှ ရေစီးဖြင့် မျောပါ၍ သေဆုံးမှုဖြစ်

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော် တပ်ကုန်းမြို့နယ် လယ်ပြင်ကျေးရွာ နတ်တောင်ချောင်းအတွင်း ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီက နွားလှည်းဖြင့် ဖြတ်ကူးစဉ် ရေစီးဖြင့်မျောပါ၍ လူတစ်ဦး သေဆုံးသွားကြောင်း သတင်းအရ တပ်ကုန်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အဆိုပါကျေးရွာနေ ဦးသန်းမောင်(၆၅)နှစ် ဖြစ်ပြီး ၎င်းသည် ယာတဲမှ နွားလှည်းဖြင့် ရွာဘက်သို့ပြန်လာစဉ် တောင်ကျရေစီးနေသည့် နတ်တောင်ချောင်းကို ဖြတ်ကူးရာမှ ရေစီးဖြင့် မျောပါပြီး ရေနစ်သေဆုံးကြောင်း တပ်ကုန်းမြို့မရဲစခန်းမှ သိရသည်။

**ကိုရဲ**

# ဖားကန့်၌ ကမ်းပါးယံပြိုကျ၍ ပျောက်ဆုံးသူ ၂၃ ဦးရှိ

**ဖားကန့် ဇူလိုင် ၂၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ ဇူလိုင် ၂၄ ရက် နံနက် ၅ နာရီခန့်က ဧရာရတနာကျောက်မျက်တူးဖော်ရေးကုမ္ပဏီ လုပ်ကွက်အဟောင်း၏ အမြင့်ပေ ၃၀၀ ခန့်ရှိ ကမ်းပါးယံပြိုကျခဲ့၍ ပျောက်ဆုံးနေသူ ၂၃ ဦးရှိကြောင်း သိရသည်။

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု အောက်မက်လင်ချောင်ကျေးရွာအနီးရှိ ဧရာရတနာကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ အမြင့်ပေ ၃၀၀ ခန့်ရှိ ကမ်းပါးယံပြိုကျခဲ့၍ ဆိပ်မူရဲကင်းစခန်းမှ ရဲအုပ်အောင်ဇင်ကျော်ဦးစီးရဲတပ်ဖွဲ့ဝင်များ၊ ဖားကန့်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ဖားကန့်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြေငြိမ်း ဦးစီး တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်လျက်ရှိရာ ညနေ ၆ နာရီအထိ ပျောက်ဆုံးနေသူ ၂၃ ဦးရှိနေကြောင်း သက်ဆိုင်ရာမိသားစုများက ပျောက်ဆုံးစာရင်းပေးထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဆိုင်ကယ်နှစ်စီး ခိုးယူလာသူကို လှည့်ကင်းအဖွဲ့က ဖမ်းဆီးရမိ

**ရေတာရှည် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှနယ်မြေရဲစခန်းမှ ညဥ့်နက်လှည့်ကင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် နံနက် ၅ နာရီခန့်က ဆိုင်ကယ်တစ်စီးကို နောက်မှတင်၍ မောင်းနှင်လာသူအား ဖမ်းဆီးစစ်ဆေးရာမှ နှစ်စီးစလုံး ခိုးယူလာခြင်းဖြစ်ကြောင်း သိရသည်။

မြို့လှနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သန့်ဇော်ဟိန်း ဦးစီးသည့် ညဥ့်နက်လှည့်ကင်းအဖွဲ့သည် မြို့လှမြို့တောင်ဘက် တစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင် (၂၁၀/၁ နှင့် ၂)အကြား ကားလမ်းအနောက်ဘက်ရှိ အောင်တော်မူဘုန်းတော်ကြီးကျောင်းဘက်သို့ ဆိုင်ကယ်တစ်စီးကို နောက်မှတင်လျက် မောင်းနှင်လာသည့် အမျိုးသားတစ်ဦးကို စစ်ဆေးရာ ဒေါင်းနန်းကျကျေးရွာ ရေနီမြို့နေ မောင်မိုးဖြစ်ပြီး ၎င်းစီးနင်းလာသော နံပါတ်မပါ ဆိုင်ကယ်နှင့် နောက်တွင် ပုဆိုးစဖြင့် ချည်နှောင်တင်ဆောင်လာသည့် ဆိုင်ကယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား ပြသနိုင်ခြင်းမရှိ၍ ဆက်လက်စစ်ဆေးရာ အဆိုပါဆိုင်ကယ်



နှစ်စီးကို နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏမြို့ စန္ဒာ(၁၆)လမ်းရှိ နေအိမ်မှ ခိုးယူလာခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် မြို့လှနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရန်ကုန်-ပြည်လမ်းတွင် YBS 37 ခရီးသည်ယာဉ်ကို ၁၀ ဘီးယာဉ်က နောက်မှဝင်တိုက်

**တိုက်ကြီး ဇူလိုင် ၂၄**

ဥက္ကံ-တိုက်ကြီး-ရန်ကုန် ခရီးသည်ယာဉ်လိုင်း YBS 37 ခရီးသည်တင်ယာဉ်တစ်စီးကို ဇူလိုင် ၂၃ ရက် ညနေ ၆ နာရီခွဲက ခရီးသည် ဆင်းနေစဉ် ၁၀ ဘီးယာဉ်က နောက်မှဝင်တိုက်မိခဲ့ကြောင်း ဥက္ကံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ တိုက်ကြီးမြို့နယ် ဥက္ကံရွာမကျေးရွာ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင် (၆၄/၅)နှင့် (၆၄/၆) ကြား ပါဒဘုရားလမ်းဆင်းတွင် ရန်ကုန်မှ ဥက္ကံသို့ ဦးသန်းမင်းနိုင် မောင်းနှင်လာသည့် YBS 37 ယာဉ်သည် ခရီးသည် ၁၅ ဦးခန့် တင်ဆောင်ကာ ပါဒဘုရားလမ်းဆင်းတွင် အတင်/အချလုပ်ရန်ရပ်ထားစဉ် လားရာတူနောက်မှ ကျော်သူ မောင်းနှင်သော ၁၀ ဘီးယာဉ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိသဖြင့် ယာဉ်နှစ်စီး ထိခိုက်ပျက်စီးကာ YBS 37 ယာဉ်ပေါ်ပါ ခရီးသည်သုံးဦး ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ယာဉ်မောင်းကျော်သူအား ဥက္ကံရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

# ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၈ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၅ ဒသမ သုည ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၉ ဒသမ သုည ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂ ဒသမ သုည ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -
(၁) ကချင်ပြည်နယ်တွင် ၉ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၆ ဒသမ သုည ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၉ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၉ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၃ ဒသမ သုည ရာခိုင်နှုန်းမှ ၂၁ ဒသမ ၉ ရာခိုင်နှုန်းသို့လည်း ကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆ ဒသမ ၄ ရာခိုင်နှုန်းမှ ၃၇ ဒသမ ၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၄၀ ဒသမ ၆ ရာခိုင်နှုန်းမှ ၄၀ ဒသမ ၈ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၇၁၇၅၇ ဒသမ ၉ ဘီလီယံ ဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၅ ဒသမ ၄ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် သုည ဒသမ ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၄ ဒသမ ၆ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၂၀၈၀၈ ဒသမ သုည ဘီလီယံတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၂၁၄၈၈ ဒသမ သုည ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၇၇၃၆၁၅ မှ ကျပ် ၁၉၇၈၄၈၆ သို့ ဖြစ်ပေါ်လာရန်၊

## အခန်း(၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရ ရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ-မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ- မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ-မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု-မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ-မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

ပူးတွဲ (၁)

### ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ကဏ္ဍကြီးများအလိုက်စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး–ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၀၁၃၂၇၁၀. ၀** | **၂၄. ၀** | **၂. ၁** | **၂၀၇၁၀၉၁၅. ၈** | **၂၃. ၀** | **၂. ၉** |
| | ၁ | လယ်ယာ | ၁၃၅၄၃၁၇၄. ၆ | ၁၆. ၁ | ၁. ၇ | ၁၃၈၆၂၇၈၈. ၈ | ၁၅. ၄ | ၂. ၄ |
| | ၂ | သားငါး | ၆၅၂၁၇၄၇. ၂ | ၇. ၈ | ၂. ၆ | ၆၇၇၉၅၆၆. ၇ | ၇. ၅ | ၄. ၀ |
| | ၃ | သစ်တော | ၆၇၇၈၈. ၂ | ၀. ၁ | ၂၂. ၃ | ၆၈၅၆၀. ၃ | ၀. ၁ | ၁. ၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၂၉၆၄၈၈၅၃. ၂** | **၃၅. ၃** | **၈. ၁** | **၃၂၄၂၁၄၇၂. ၅** | **၃၅. ၉** | **၉. ၄** |
| | ၁ | စွမ်းအင် | ၃၁၆၄၄၉၉. ၁ | ၃. ၈ | ၀. ၆ | ၃၂၅၆၆၃၇. ၁ | ၃. ၆ | ၂. ၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၀၂၂၆၉. ၂ | ၀. ၉ | -၂. ၅ | ၈၆၂၀၄၈. ၅ | ၀. ၉ | ၇. ၅ |
| | ၃ | စက်မှုလက်မှု | ၁၉၁၁၁၉၉၇. ၀ | ၂၂. ၈ | ၉. ၉ | ၂၁၂၄၃၂၃၉. ၄ | ၂၃. ၅ | ၁၁. ၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၂၈၂၄၇၇. ၁ | ၁. ၅ | ၁၀. ၆ | ၁၃၁၉၅၂၈. ၂ | ၁. ၅ | ၂. ၉ |
| | ၅ | ဆောက်လုပ်မှု | ၅၂၈၇၆၁၀. ၈ | ၆. ၃ | ၇. ၄ | ၅၇၄၀၀၁၉. ၃ | ၆. ၄ | ၈. ၆ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၄၁၄၄၈၉၂. ၀** | **၄၀. ၇** | **၈. ၀** | **၃၇၁၃၇၆၀၅. ၄** | **၄၁. ၁** | **၈. ၈** |
| | ၁ | ပို့ဆောင်ရေး | ၉၈၉၇၄၈၅. ၆ | ၁၁. ၈ | ၇. ၉ | ၁၀၇၇၄၁၇၃. ၂ | ၁၁. ၉ | ၈. ၉ |
| | ၂ | ဆက်သွယ်ရေး | ၂၀၀၇၁၁၆. ၅ | ၂. ၄ | ၁၁. ၉ | ၂၃၀၇၄၅၄. ၆ | ၂. ၅ | ၁၅. ၀ |
| | ၃ | ငွေရေးကြေးရေး | ၃၀၆၀၆၂. ၂ | ၀. ၄ | ၁၅. ၆ | ၃၃၃၆၀၆. ၄ | ၀. ၄ | ၉. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၉၇၀၄၆၄. ၅ | ၃. ၅ | ၃. ၉ | ၃၁၈၈၁၄၃. ၉ | ၃. ၅ | ၇. ၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၄၆၉၅၀၅. ၉ | ၂. ၉ | ၁၁. ၉ | ၂၇၆၅၈၄၆. ၆ | ၃. ၁ | ၁၂. ၀ |
| | ၆ | ကုန်သွယ်မှု | ၁၆၄၉၄၂၅၇. ၃ | ၁၉. ၇ | ၇. ၆ | ၁၇၇၆၈၃၈၀. ၇ | ၁၉. ၇ | ၇. ၇ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၈၃၉၂၆၄၅၅. ၂** | **၁၀၀. ၀** | **၆. ၅** | **၉၀၂၆၉၉၉၃. ၇** | **၁၀၀. ၀** | **၇. ၆** |

**ဆက်လက်ဖော်ပြပါမည်။**

ကြေးမုံ
ဇူလိုင် ၂၅၊ ၂၀၁၈

တိုတိုထွာထွာဖတ်စရာ

## ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်

**ထီးချိုင့်**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ မြို့အားကစားကွင်းတွင် ဇူလိုင် ၂၂ ရက် ညနေ ၃ နာရီက (TSDP)အစီအစဉ်ဖြင့် မြို့နယ်အား/ကာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ၂၁ နှစ် အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ကျင်းပသည်။

ပွဲစဉ်များကို ဩဂုတ် ၂၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အားကစားအသင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်းဖွင့်လှစ်

**ကလေး**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကလေးမြို့နယ် ကြက်ခြေနီအသင်း၏အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်း (Basic First Aid Training) ကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ကလေးမြို့ ကြက်ခြေနီအသင်းရုံး၌ ကျင်းပသည်။

အဆိုပါအခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်းတွင် ကလေးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာတို့မှ စိတ်ပါဝင်စားသူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၀ တို့ တက်ရောက်ကြကြောင်း သိရသည်။
**ချင်းတွင်းသား**

## မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေး

**မင်းဘူး**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် အောက်ကျောင်းကျေးရွာ ရွာလယ်ဓမ္မာရုံတွင် ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီက မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မင်းဘူးမြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်ဇော်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ငြိမ်းတို့က သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေး၊ မှုခင်းများလျော့နည်းကျဆင်းရေး၊ လူကုန်ကူးမှုလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်၊ လမ်းစည်းကမ်းဆိုင်ရာများကို ပြည်သူ ၈၀ တို့အား အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပြီး မှုခင်းကျဆင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မျိုးမြတ်(မင်းဘူး)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ နေပြည်တော်၌ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲ၌ ဖွင့်



**နေပြည်တော် ဇူလိုင် ၂၄**
၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B) ၌ ကျင်းပသည်။

ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က တိုက်ကွမ်ဒိုအားကစားနည်းသည် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ ကိုယ်ကျင့်တရား ကောင်းမွန်မှုစသော လူ့ကျင့်ဝတ်သိက္ခာများ တိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်သည့် အားကစားနည်းတစ်ခုလည်းဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် ASEAN Championship ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုဆုတံဆိပ်များကို ရယူပေးနိုင်သော အားကစားနည်းဖြစ်သည့်အတွက် ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြသော တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အားကစားသမားများအနေဖြင့် မိမိတို့၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသကာ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်ကစားကြပြီး နိုင်ငံတော်မှ အားထားရသော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr.Lee Shang Hwa၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ၏ ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ကစားကြပုံများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်မှ အသင်း ၁၄ သင်းဖြင့် အမျိုးသား ၈၁ ဦး၊ အမျိုးသမီး ၅၉ ဦး စုစုပေါင်း အားကစားသမား ၁၄၀ တို့သည် ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှစတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B) တွင် (-၅၄) ကီလိုပင်းဝိတ်တန်း (ကျား)၊ (-၄၆)ကီလိုပင်းဝိတ်တန်း(မ)၊ (၅၈-၆၃) ကီလိုဘင်တန်ဝိတ်တန်း (ကျား)၊ (၄၉-၅၃) ကီလိုဘင်တန်ဝိတ်တန်း (မ)၊ (၆၈-၇၄)ကီလိုလိုက်ဝိတ်တန်း (ကျား)၊ (၅၇-၆၂) ကီလိုလိုက်ဝိတ်တန်း(မ)၊ (+၈၇)ကီလိုဟဲဗီးဝိတ်တန်း (ကျား)၊ (-၆၈) ကီလိုဖယ်သာဝိတ်တန်း (ကျား)၊ (-၅၇)ကီလိုဖယ်သာဝိတ်တန်း(မ)ပြိုင်ပွဲ၊ တစ်ဦးချင်းကကွက် (ကျား၊ မ) ပြိုင်ပွဲနှင့် အဖွဲ့လိုက်ကကွက် (ကျား၊ မ) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။
**ကြေးမုံ**

## သရက်မြို့တွင် ကျောင်းကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြော



**သရက် ဇူလိုင် ၂၄**
မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ကျောင်းကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းကျန်းမာရေးတာဝန်ခံ ဒေါက်တာကိုကိုဇော်က သွေးလွန်တုပ်ကွေးကင်းဝေးစေရန် သိကောင်းစရာများကိုအကျယ်တဝင့် ပြောကြားပေးပြီး ကျောင်းသား၊ ကျောင်းသူများအား ဖုံး၊ သွန်၊ ခတ်၊ စစ်၊ လောင်း၊ ထောင်၊လဲ၊ဖွင့်၊ မြုပ်၊ ရှင်း၊ ထည့် စသည့်သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး နည်းလမ်းများကို နားလည်သဘောပေါက်အောင် ပြောကြားကာ ကျောင်းသား၊ကျောင်းသူများအားပြန်လည်မေးမြန်းခဲ့သည်။

ထို့နောက် သွားဆရာဝန် ဒေါက်တာစိုးလင်းနိုင်က စနစ်မှန်သွားတိုက်နည်းအကြောင်း ပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက စည်းကမ်းရှိမှ တိုးတက်မည် ခေါင်းစဉ်ဖြင့် ပြောကြားခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ၂၀ အား ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ကျောင်းကျန်းမာရေးတာဝန်ခံ ဒေါက်တာကိုကိုဇော်၊ ဒေါက်တာလဲ့ရည်မွန်နှင့် ကျန်းမာရေးဝန်ထမ်းများက တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးစစ်ဆေး၍ ကုသပေးပြီး သွားဆရာဝန် ဒေါက်တာစိုးလင်းနိုင်နှင့် ဒေါက်တာနှင်းဝေဝေလွင်တို့က သွားနှင့်ပတ်သက်သည့် ကျောင်းသား ကျောင်းသူ ၄၀ အား စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

## ဓာတ်အားဖြန့်ဖြူးရေး ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း ဇူလိုင် ၂၄**
မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် စက်မှုစွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီသည် ဇူလိုင် ၂၀ ရက်မှ ၂၃ ရက်ထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် စက်မှုစွမ်းအင်နှင့်လျှပ်စစ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးလှိုင်ဝင်းခေါင်းဆောင်သော ကော်မတီအဖွဲ့များသည် ရမည်းသင်းမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ဇူလိုင် ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာမီးလင်းရေးလုပ်ငန်းများတွင် တွေ့ကြုံနေရသည့်ပြဿနာများ၊ ဓာတ်အားခွဲရုံများ ဝန်အားသုံးစွဲမှုအခြေအနေများအား စစ်ဆေးခဲ့ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်ထံမှ သိရသည်။
**တင်ဦး(ရမည်းသင်း)**



## မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်များ၌ လယ်မြေများ ခွင့်ပြုချက်မရှိ အကွက်ရိုက်ရောင်းချနေခြင်းများကို အရေးယူမည်

**မန္တလေး ဇူလိုင် ၂၄**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လယ်ယာမြေများအား အကွက်ရိုက်ပြီး လူနေထိုင်ရန်၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကြော်ငြာ၍လည်းကောင်း၊ အကျိုးဆောင်များမှတစ်ဆင့်လည်းကောင်း ရောင်းဝယ်မှုများ ပြုလုပ်လျက်ရှိသည်။

လယ်ယာမြေများအား ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ မြေဖို့ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်းများသည် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် ဆောင်ရွက်ခြင်းမပြုရန်၊ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အသိပေးထားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ပုသိမ်ကြီးမြို့နယ် မန္တလေး-မတ္တရာသွားလမ်းဘေး ကျေးရွာများနှင့် မန္တလေး-ပြင်ဦးလွင်သွားလမ်းဘေး ကျေးရွာများတွင် လယ်ယာမြေများအား ခွင့်ပြုချက်မရှိ ပေ ၄၀ × ပေ ၆၀ အကွက်များရိုက်ကာ လူမှုကွန်ရက်စာမျက်နှာမှ ကြော်ငြာ၍ အရောင်းအဝယ်ပြုလုပ်မှု မြင့်တက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ မြေအကျိုးတော်ဆောင်များထံမှ သိရသည်။
**သီဟကိုကို(မန္တလေး)**

# တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်းပြည်ထောင်စုလမ်းမကြီး ရေကျော်



**တနင်္သာရီ ဇူလိုင် ၂၄**
တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ တနင်္သာရီမြို့နယ် ဆင်ခြေဖုံးအုပ်စု လယ်တောင်ယာရွာ မိုင်တိုင်အမှတ် ၅၂/၂ နှင့် ၅၃ အကြားနေရာအတွင်း ကားလမ်းမကြီး အပေါ်၌ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက အနက် နှစ်ပေ၊ အရှည်ပေ ၁၂၀၀ ခန့် ရေကျော်လျက်ရှိနေသေးကြောင်း မြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

ရေကျော်နေမှုနှင့်ပတ်သက်၍ သုံးတန်နှင့်အထက် မော်တော်ယာဉ်များ အလွယ်တကူဖြတ်သန်းသွားလာနိုင်ပြီဖြစ်သော်လည်း ယာဉ်ငယ်များနှင့် ဆိုင်ကယ်များ ဖြတ်သန်းသွားလာရန်ခက်ခဲနေသဖြင့် ဒုဗိုလ်မှူးကြီးကျော်မျိုးထိုက်ဦးစီးသည့် တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မီးသတ်ဦးစီးဌာနဝန်ထမ်းများမှ ခရီးသွားမိဘပြည်သူများအား ရေလွတ်ရာနှင့် လိုရာခရီးသို့ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**



# ကျောက်ကြီးမြို့၌ ချောင်းရေမြင့်တက်ကာ လူနေအိမ် ၃၄ လုံးရေနစ်မြုပ်

**ကျောက်ကြီး ဇူလိုင် ၂၄**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်ရှိ ကျောက်ကြီးချောင်းရေမြင့်တက်မှုကြောင့် ကျောက်ကြီးမြို့ရှိ လူနေအိမ် ၃၄ လုံးရေနစ်မြုပ်ပြီး ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ထားရကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့ကာ ဇူလိုင် ၂၃ ရက်က ကျောက်ကြီးချောင်းရေ မြင့်တက်မှုကြောင့် လူနေအိမ် ငါးလုံး ရေနစ်မြုပ်၍ ယာယီကယ်ဆယ်ရေးစခန်းသို့ အလျင်အမြန် ရွှေ့ပြောင်းပေးခဲ့ရပြီး ဇူလိုင် ၂၄ ရက်တွင် မိုးရေချိန်မှာ ၁ ဒသမ ၈၅ လက်မခန့် ထပ်မံရွာသွန်းမှုကြောင့် လူနေအိမ် ၂၉ လုံး ရေနစ်မြုပ်ခဲ့သည်။

ချောင်းရေမြင့်တက်မှုကြောင့် ကျောက်ကြီးမြို့ ပဲခူးရပ်ကွက်နှင့် ကပ်ကျေးရပ်ကွက်အတွင်းရှိ လူနေအိမ် စုစုပေါင်း ၃၄ လုံး ရေနစ်မြုပ်ခဲ့ပြီး ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည့် ပဲခူးရပ်ကွက် မြို့တွင်းကျောင်း မိုးကုတ်ဓမ္မာရုံ၊ သိန်တန်းရပ်ကွက်ရှိ ကသစ်ဝိုင်ဓမ္မာရိပ်သာ ဓမ္မာရုံ၊ တောင်ငူတန်းရပ်ကွက်ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်းများသို့ တာဝန်ရှိသူများက ပြောင်းရွှေ့နေရာချထားပေးသည်။

**ကိုသားကြီး(ပြန်/ဆက်)**

# မဒေါက်မြို့ ရပ်ကွက် အနိမ့်ပိုင်းများ မြစ်ရေဝင်ရောက်

**မဒေါက် ဇူလိုင် ၂၄**
မိုးများဆက်တိုက်ရွာသွန်းနေမှုကြောင့် မဒေါက်မြို့စစ်တောင်းမြစ်ရေသည် ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေအမှတ် ၁၀၇၀ စင်တီမီတာအထက် ၁၁၁၅ စင်တီမီတာသို့ ရောက်ရှိနေပြီး ရပ်ကွက် အနိမ့်ပိုင်းနေရာများ မြစ်ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

စစ်တောင်းမြစ်ရေဝင်ရောက်မှုနှင့် ပတ်သက်၍ မြို့မ (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးမောင်နုက "အခု ကမ်းနဖူးရေကျော်ပြီ၊ ငွေသောင်ယံပိုင်းကိုတော့ရေလွှမ်းနေပါပြီခင်ဗျ၊ တန်ဆောင်တိုင်ကွင်းလည်း ရေမြုပ်သွားပြီ၊ မွန်စုပိုင်းလည်းရေဝင်နေပြီ၊ မွန်စုကတော့ပိုဆိုးတာပေါ့၊ ငွေသောင်ယံပိုင်းထက် ပိုနိမ့်တယ်။ မြစ်ရေစိုးရိမ်မှုကတော့ ၁၂၃၀ စင်တီမီတာလောက်မှ ကျွန်တော်တို့ ကယ်ဆယ်ရေး စခန်းဖွင့်မှာပါ" ဟု ပြောသည်။

လက်ရှိတွင်မြစ်ရေဝင်ရောက်မှုမှာ မြို့မ (၁) ရပ်ကွက်တွင် မွန်စုပိုင်း၊ မြို့မ (၂)ရပ်ကွက်တွင် ငွေသောင်ယံပိုင်းနှင့် အနိမ့်ပိုင်းနေရာများ မြစ်ရေများ ဆက်လက်ဝင်ရောက်လျက်ရှိပြီး မြစ်ရေကြီးမှု အန္တရာယ်ကြုံတွေ့လာပါက ကယ်ဆယ်ရေးစခန်းများဖွင့်နိုင်ရန် အင်းချောင်ဘုန်းကြီးကျောင်း၊ တိုင်တရာဘုန်းကြီးကျောင်းနှင့် တံခွန်တိုင်ဘုန်းကြီးကျောင်းတို့တွင် ကြိုတင်စီစဉ်ထားပြီး အရေးပေါ်ကယ်ဆယ်နိုင်ရန် ဖိုက်ဘာစက်လှေ နှစ်စင်းလည်း အရန်သင့်ပြင်ဆင်ထားကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

# ကျောက်တံခါးမြို့နယ်တွင် သဘာဝဘေးကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူများနှင့် နေအိမ်ပြိုလဲမှုများအတွက် ထောက်ပံ့ငွေပေးအပ်

**ကျောက်တံခါး ဇူလိုင် ၂၄**
ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများက မိုးကြိုးဘေးဒဏ်ကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကျောင်းစုံကျေးရွာအုပ်စု ငွေးကုန်းကျေးရွာအနီးရှိ လယ်ကွက်အတွင်း ကောက်စိုက်နေကြသော ငွေးကုန်းကျေးရွာတွင်နေထိုင်ကြသည့် မတင်တင်ဌေး (၃၃)နှစ်၊ မပပလှိုင်(၂၅) နှစ်၊ မငယ်ထွေး (၂၆)နှစ် တို့သည် ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီ ခွဲခန့်က လယ်ကွက်အတွင်း၌ ကောက်စိုက်နေစဉ် မိုးကြိုးပစ်ခံရသည်။

မိုးကြိုးပစ်ခံရသဖြင့် မတင်တင်ဌေး (၃၃) နှစ်သည် ခန္ဓာကိုယ်တွင် ကျောကုန်းအရေပြားလန် ညို့မည်းဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး မပပလှိုင် (၂၅) နှစ်နှင့် မငယ်ထွေး(၂၆)နှစ် တို့မှာ ဒဏ်ရာများရရှိကြသဖြင့် ဖြူးမြို့ အထွေထွေရောဂါကုဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည့်အပြင် ယင်းနေ့ နံနက် ၁၀ နာရီခန့်တွင် ကျောက်တံခါးမြို့နယ် ဘွဲ့ချင်းကျေးရွာအုပ်စု ဘွဲ့ချင်းကျေးရွာနေ ဒေါ်သီတာ (၄၀)နှစ် (ဘ) ဦးထွန်းရီသည် လယ်ကွက်အတွင်းရှိနေစဉ် မိုးကြိုးပစ်ချလိုက်သဖြင့် နေရာတွင်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးသွားသူနှစ်ဦးနှင့် ဒဏ်ရာရရှိသူ နှစ်ဦးအတွက် သေဆုံးသူတစ်ဦးလျှင် ငွေကျပ် သုံးသိန်း၊ ဒဏ်ရာရရှိသူတစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ခုနစ်သိန်းအား ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများက သက်ဆိုင်ရာ မိသားစုများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီခန့်ကလည်း ကဝမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ ဇူလိုင် ၂၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ကဝမြို့နယ် ဇီးပင်စုကျေးရွာနှင့် ချမ်းသာကြီးကျေးရွာတို့ရှိ ပြိုလဲနေအိမ် လေးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် လေးသိန်း၊ အမိုးလန်နေအိမ် ရှစ်လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၁၇၀၀၀၀၊ လူဦးရေ ၁၄ ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၂၉၄၀၀ စုစုပေါင်းထောက်ပံ့ငွေကျပ် ၅၉၉၄၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး တန်ဖိုးငွေကျပ် ၁၆၀၄၆၄ တို့အား ဦးစီးအရာရှိ ဒေါ်ချမ်းငြိမ်းသူနှင့် ဝန်ထမ်းများက သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## တိုတိုထွာထွာဖတ်စရာ

# ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းဖြင့် ပြည်သူ့လိုအပ်ချက်များဆောင်ရွက်

**ဟသ္သာတ**
ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးမှ သက်ဆိုင်ရာဌာနများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ဓမ္မိကျေးရွာအုပ်စု ဓမ္မိကျေးရွာဓမ္မာရုံ၌ ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဟသ္သာတမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်က ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ် ၁ မြို့မရဲစခန်းမှ ရဲအုပ်မြင့်သိန်းက တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးဆိုင်ရာအကြောင်းကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးခင်မောင်မြင့်က အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဒုတိယဦးစီးမှူးဒေါ်နှင်းရည်စိုးက ငါးမွေးလိုင်စင်၊ ရေလုပ်သားလိုင်စင်ပြုလုပ်ခြင်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောင်းအခြေပြု အသိပညာပေးဟောပြောပွဲ ကျင်းပ

**မယ်စဲ့**
ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် ကြက်ခြေနီအသင်းခွဲက ကြီးမှူးကျင်းပသော ကျောင်းအခြေပြုအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မြို့နယ်ကြက်ခြေနီအသင်းခွဲမှ မြို့နယ်တပ်ဖွဲ့မှူး ဦးလှအောင်ဖြိုး၊ ဒုတိယတပ်ဖွဲ့မှူး ဒေါ်မြမြမိုးတို့က ကျောင်းကျန်းမာရေး၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ အိမ်တွင်းမတော်တဆဖြစ်ပွားမှု ကာကွယ်နည်းများကို ကဏ္ဍအလိုက်အသိပညာပေး ဟောပြောပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား နို့မှုန့်၊ ဆပ်ပြာခဲနှင့် အချိုရည်များ ဝေငှပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးလက်လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**သဲကုန်း**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာအုပ်စု သစ်ဆိမ်းကုန်းကျေးရွာတွင် စက်ရေတွင်း (တွင်းနက်)တူးဖော်ခြင်းလုပ်ငန်းနှင့် ဆင်ကျုံးကျေးရွာအုပ်စု ဆင်ကျုံးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုင်းဒေသကြီး ကျေးလက်မှ တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသိန်းနှင့် ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးတို့က ဇူလိုင် ၂၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **သူရအောင် (ပြည်)**

# အသက်ကယ်အင်္ကျီများ ထောက်ပံ့

**ဝါးခယ်မ**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ခရီးသွားပြည်သူများ အသက်အန္တရာယ် ကင်းရှင်းစေရေးအတွက် အသက်ကယ်အင်္ကျီများ ထောက်ပံ့ပေးမှုနှင့် အသိပညာပေးဟောပြောမှုကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျခန်းမ၌ ပြုလုပ်သည်။

ထို့နောက် Soe Mobile & Electronic မှ ဦးစိုးထိုက်နှင့် တာဝန်ရှိသူများက ကျေးရွာအသီးသီးသို့ ခုတ်မောင်းပြေးဆွဲနေသော ရေယာဉ်လိုင်းများထံသို့ အသက်ကယ်အင်္ကျီ ၇၅ စုံအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# မှုခင်းပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန်**
ဒလမြို့နယ် စက်မြေရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်စုက သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောရာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်အေးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ပြည်သူများ စုစုပေါင်း ၈၀ တက်ရောက်ခဲ့ပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ကျေးလက်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ရန်ကုန်**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်သည် မြစိမ်းရောင်စီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့များသို့ ဇူလိုင် ၂၀ ရက်က သွားရောက်ကာ ရုံးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကွမ်းခြံကုန်းမြို့နယ် မြို့နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျေးလက်ဝန်ထမ်းများ၊ စီမံကိန်းဝန်ထမ်းများနှင့်တွေ့ဆုံကာ ထန်းတောကျေးရွာတွင် ရေသန့်စက်တည်ဆောက်မှုနှင့် အင်္ဂလုံးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထိန်းသိမ်းရေး လုပ်ငန်းများ မှာကြားခဲ့ကြောင်း သိရသည်။

**နေသစ်ဦး**

# မန္တလေးမြို့က ကျောက်ဆစ်တန်း

လင်းသူ

မြန်မာပြည်အလယ်ပိုင်း မြို့တော် မန္တလေးသည် မြန်မာမှု အနုလက်ရာများ ထွန်းကားရာ မြို့ကြီးတစ်မြို့ဖြစ်သည်။ မြန်မာရှင်ဘုရင်၏နန်းစိုက်ခဲ့ရာ ဖြစ်ခဲ့ခြင်းနှင့် အနယ်နယ်အရပ်ရပ်မှ ပညာရှင်များ မင်းနေပြည်တော်တွင် လာရောက်စုဝေး ရောက်ရှိလာကြခြင်းတို့ကြောင့် ပန်းဆယ်မျိုး လက်မှုပညာရပ်များအားလုံး ထွန်းကားသည့် ယဉ်ကျေးမှုမြို့တော်ကြီးလည်းဖြစ်သည်။ ယခုအချိန် မြန်မာမှုပညာရပ်များနှင့်ပတ်သက်၍ လေ့လာလိုလျှင် မန္တလေးမြို့သို့သွားကာ လေ့လာနိုင်မည်ဖြစ်သည်။ ထိုသို့ ရိုးရာလက်မှုပညာများကို ထိန်းသိမ်းလုပ်ကိုင်လျက်ရှိသော မန္တလေးမြို့တော်ကြီးသို့ရောက်ရှိ ခိုက်တွင် ကျောက်သားထုကို ဘုရားဆင်းတုတော်အဖြစ်သို့ ထွင်းထုလုပ်ကိုင် လျက်ရှိကြသည့် ပန်းတမော့ပညာရှင်များ၏ ကျောက်ဆစ်တန်းကို ဝင်ရောက်လေ့လာဖြစ်ခဲ့ပါသည်။ စကျင်ကျောက်တုံးကို ကျောက်စက်ဖြင့် ပွတ်သပ် အချောကိုင်ရာမှ ထွက်လာသော အမှုန်များနှင့် နေ့စဉ်ရင်းနှီးနေသည့် ကျောက်ဆစ်လုပ်ငန်းသမားများ၏ လုပ်ငန်းသဘာဝများကို တင်ပြပေးလိုက်ပါသည်။



### ကျောက်ဆစ်တန်း

မဟာမြတ်မုနိဘုရားကြီး အနောက်မုခ်မှ ကျောက်မှုန်များထောင်းထောင်းထနေသည့် ရပ်ကွက်သည် ကျောက်ဆစ်ရပ်ကွက်၊ ကျောက်ဆစ်တန်းဖြစ်သည်။ ရှေးမြန်မာဘုရင်လက်ထက်ကတည်းက ကျောက်ဆစ်လုပ်ငန်း တည်ရှိခဲ့ခြင်းဖြစ်ပြီး ကျွန်းလုံးဥသျှောင်ရပ်ဟု အမည်ရသည်။ ကျောက်ဆစ်တန်းတွင် အဓိက ထုဆစ်ပြုလုပ်ကြသည်မှာ ကျောက်ဆင်းတု၊ မြတ်စွာဘုရားဆင်းတုတော် (ဉာဏ်တော်)အရွယ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ ဖြစ်ကြသည်။ သစ်သားကို ပန်းပုပညာဖြင့် ဆင်းတုတော်၊ ရုပ်ပုံများထုလုပ်သကဲ့သို့ ကျောက်သားကို ပုံသဏ္ဌာန်ပီပြင်လာစေရန် ပြုလုပ်ရခြင်းမျိုးဖြစ်သည်။ ကျောက်သားမှာ မာကျောလေးလံသည့် အရာဖြစ်သဖြင့် သုံးစွဲရသည့် လက်နက်ကိရိယာ၊ ဝိုင်းဝန်းလုပ်ဆောင်ရသည့် လူအင်အားက သစ်သားပန်းပုလုပ်ငန်းထက် ပိုမို အသုံးပြုရသည်။ ယခင်က ကျောက်သားကို စို့၊ ဆောက်၊ စူး စသည်တို့နှင့် ထုထွင်းခဲ့ကြသည်။ ပိုမိုပင်ပန်းလက်ဝင်ကာ အချိန်ကြာမြင့်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည်။ မန္တလေး-မူဆယ် လမ်းမကြီးကို အဆင့်မြင့်ပြုပြင်ဖောက်လုပ် ပြီးခဲ့သည့်နောက်ပိုင်းတွင် တရုတ်နိုင်ငံမှ ကုန်ပစ္စည်းမျိုးစုံ ဝင်ထွက်လာခဲ့သည်။ ထိုအထဲတွင် ကျောက်နှင့်ပတ်သက်သည့် ပညာရပ်များ၊ လက်နက်ကိရိယာများ ပါဝင်လာခဲ့သည်။

ယခင် စို့ဖြင့် ထုထွင်းပုံဖော်ရသည့် ကျောက်ဆစ်ပညာရပ်နေရာတွင် ကျောက်စက်အရွယ်အစားမျိုးစုံက နေရာယူလာပြီဖြစ်သည်။ ကျောက်စိမ်းထည်များကို အချောထည်လုပ်ကိုင်ရာတွင် စက်ပစ္စည်းများအသုံးပြုမှုရှိလာခဲ့ရာမှ စကျင်ကျောက်များ ထုဆစ်ရာတွင်လည်း ထည့်သွင်း အသုံးပြုလာကြခြင်းဖြစ်သည်။ လနှင့်ချီ ထုထွင်းပုံဖော်နေရသည့် ကျောက်တုံးကြီးများကို ရက်ပိုင်းအတွင်း အချောသပ်နိုင်ခဲ့သည်။ လက်မှုကို စက်မှုနှင့် ပေါင်းစပ်လုပ်ကိုင်ကြခြင်းလည်းဖြစ်သည်။ ဆင်းတုတော်အရွယ်အစားပေါ်လိုက်ကာ လူအင်အား အသုံးပြုကြပြီး ထုတ်လုပ်နိုင်စွမ်းများ တိုးလာခဲ့သည်။ ထို့အတွက်ကြောင့် ကျောက်ဆစ်လုပ်သားများ ဝင်ငွေတိုးလာသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း ကုန်ပစ္စည်းကို တိုးတက် ထုတ်လုပ်ကာ ဈေးကွက်နေရာ ပိုမိုရှာဖွေလာနိုင်ကြသည်။ လုပ်ငန်းတွင်ကျယ်မှု ပိုမိုရှိလာသကဲ့သို့ ကျောက်ကို စက်ဖြင့်ပွတ်တိုက်ရာမှ ထွက်လာသောအမှုန်များက အချိန်တိုင်းအတွက် မွန်းကျပ်နေစေသည်။ ကွင်းပြင်ကျယ်ကျယ်တွင် လုပ်ကိုင်ခွင့်ရလျှင် အနည်းငယ်သက်သာမည်ဖြစ်သော်လည်း လုပ်ငန်းတူများကပ်လျက်ရှိနေသည့် ရပ်ကွက်အတွင်းဖြစ်နေသောကြောင့် အလုပ်ချိန်တိုင်း ကျောက်မှုန်များနှင့် ရောထွေးနေရပေသည်။

### ကုန်ကြမ်း

ကျောက်ဆစ်လုပ်ငန်းအတွက် အဓိကကုန်ကြမ်းကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်တောင်မှ ထုတ်ယူရရှိနိုင်သည်။ မန္တလေးမှ မတ္တရာသို့ ၂၀ မိုင်အကွာအဝေးတွင် သွားရောက်နိုင်သည်။ ယင်းမှတစ်ဆင့် စဉ့်ကူး၊ လက်ပံလှ၊ သပိတ်ကျင်း၊ မိုးကုတ်မြို့နယ်များသို့ သွားသည့်လမ်းပေါ်တွင်ရှိသော စကျင်ကျေးရွာသို့ ထပ်မံသွားရောက်ရခြင်းဖြစ်သည်။ စကျင်ရွာတွင် ကျောက်တောင်ကြီးများရှိပြီးယင်းကျောက်တောင်များမှ အရည်အသွေးကောင်းသော စကျင်ကျောက်များကို ထုတ်လုပ်ရရှိခြင်းဖြစ်သည်။ ယင်းစကျင်ကျောက်တောင်မှ မြန်မာပြည်အရပ်ရပ် မှ ကိုးကွယ်နေသည့် ကျောက်ဆင်းတုတော်များ၊ စေတီတော်များတွင် နေပူခံကျောက်ပြားအဖြစ် ခင်းထားသော ကျောက်ပြားများ၊ အလှူဒါနများပြုကြရာတွင် ကမ္ပည်းမော်ကွန်းထိုးကြသည့် ကျောက်ပြား၊ ကျောက်တုံးများကို ထုတ်လုပ်ရယူနေခြင်းဖြစ်သည်။ မြန်မာဘုရင် မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်၊ မန္တလေးမှ ကျောက်တော်ကြီးဘုရားကြီးမှသည် တပ်မတော်အစိုးရလက်ထက် တည်ထားခဲ့သော ရန်ကုန်မြို့မှ ကျောက်တော်ကြီးဘုရားအထိ စကျင်တောင်မှ ကျောက်သားထုကို ထုတ်လုပ်ခဲ့ကြခြင်းဖြစ်သည်။

ယခု အရပ်သား အစိုးရလက်ထက်တွင်လည်း ထိုကျောက်တောင်ကြီးကို မိုင်းဖြင့်ခွဲကာ စကျင်ကျောက်အရွယ်အစား မျိုးစုံထုတ်လုပ်လျက်ရှိသည်။ သတ္တုတွင်းဝန်ကြီးဌာနမှ ကျောက်ထုတ်လုပ်ပိုင်ခွင့်ရထားသည့် ကုမ္ပဏီများမှ ကျောက်ထုတ်လုပ်ပြီး တစ်ဆင့်ပြန်လည်ရောင်းချလိုသူ၊ အသုံးပြုလိုသူများကို ရောင်းချပေးခြင်းဖြစ်သည်။ စကျင်တောင်ခြေရှိ ကျောက်တဲများက ကုမ္ပဏီမှဝယ်ယူကာ မန္တလေးကျောက်ဆစ်သမားများထံ ပုံကြမ်းထုဆစ် ရောင်းချကြခြင်းဖြစ်သည်။ ကျောက်တုံးအရွယ်အစားအသေးများကိုလည်း ကျောက်ဆစ်တန်းမှ ပြန်လည်အသုံးပြုနိုင်ရန်အတွက် နေ့စဉ်လာရောက်ပို့ဆောင် ရောင်းချပေးလျက်ရှိသည်။ သေးငယ်လွန်းသည့် ကျောက်တုံးများကို ဆင်ရုပ်၊ မြင်းရုပ် စသည်ဖြင့် လက်ဆောင်အရုပ်ငယ်များ ထုလုပ်ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်မြို့ ကျောက်တော်ကြီးဆင်းတုတော်ကို ထုဆစ်ပြုလုပ်သော ပညာရှင်မှာ မန္တလေးကျောက်ဆစ်တန်းမှ ဦးတော်တော်ဆိုသည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ဆရာကြီးမှာ ကွယ်လွန်လေပြီဖြစ်ပြီး ဆရာကြီး၏ တပည့်သားမြေးများက ကျောက်ဆစ်ပညာရပ်ကို ဆက်လက်ထိန်းသိမ်းပြုလုပ်လျက်ရှိသည်။

### လုပ်ငန်းအဆင့်ဆင့်

ဘုရားတစ်ဆူဖြစ်ပေါ်လာစေရန် ဉာဏ်တော်အရွယ်အစားအလိုက် ပညာရှင်များကို အဆင့်ဆင့် အသုံးပြုရသည်။ စက်ပစ္စည်းမည်မျှခေတ်မီပါစေ မြန်မာ့လက်မှုကျောက်ဆစ်ပညာကို ချန်ထားခဲ့၍ မရသည်ကို တွေ့ရသည်။ စက်မှုလုပ်ငန်းအချို့တွင် မိုနှင့်ပတ်သက်၍ လေ့လာခဲ့ဖူးသည်။ မိုကိုအသုံးပြုပြီး ကုန်ပစ္စည်းထုတ်လုပ်ရခြင်းဖြစ်သည်။ ယင်းမိုကို လက်ဖြင့် ထွင်းထုပြုလုပ်ရာမှ နောက်ပိုင်းတွင် ခေတ်မီမိုပြုလုပ်သည့် စက်များကို အသုံးပြုလာကြခြင်းဖြစ်သည်။ မိုပြုလုပ်သည့် စက်အတွင်းသို့ ကုန်ကြမ်းသံတုံးကို ထည့်သွင်းလိုက်ခြင်းဖြင့် မိုတစ်ခုကို အလွယ်တကူပြုလုပ်နိုင်ပြီဖြစ်သည်။ သို့သော် ကျောက်တုံးကို စက်အတွင်းထည့်ကာ ရုပ်တုပြုလုပ်နိုင်ခြင်းကိုကား မတွေ့ရသေးပေ။ ကျောက်ဆစ်ပညာ ကို အသုံးပြုပြီး ဘုရားဆင်းတုတော်တစ်ဆူပြုလုပ်ရန် ပညာရှင်ခုနစ်ဦး အနည်းဆုံးလိုအပ်သည်ဟု သိရသည်။ ဘုရားတစ်ဆူပွင့်ရန်ဟု ဒေသခံများက ပြောဆိုကြပြီး ထိုကဲ့သို့ ဘုရားတစ်ဆူပွင့်ထွန်းနိုင်ရန်အတွက် (၁) စကျင် တောင်ကို ဖြိုခွဲ၍ ကုန်ကြမ်းထုတ်ရခြင်း၊ (၂) စကျင် ကျောက်တုံးကို ပုံကြမ်းအဖြစ်သို့ ထုဆစ်ရခြင်း၊ (၃) မျက်နှာတော် ပုံဖော်ရခြင်း၊ (၄) ဆံတော်ထိုးရခြင်း (ဆံပင် ပုံစံထွင်းထုခြင်း)၊ (၅) ခန္ဓာတော်ကိုပုံဖော်ရခြင်း (ကျောက် စက်ဖြင့်စား၍ ပုံဖော်ခြင်း)၊ (၆) ကျောက်လေးမျိုး၊ ကော်ပတ်လေးမျိုးဖြင့် ရုပ်လုံးတော်တစ်ခုလုံးကို တိုက်ချွတ်ဆေးကြောရခြင်း၊ (၇) (ရွှေရေး) ပန်းချီပညာဖြင့် လိုအပ်သည့်နေရာများကို ရေးဆွဲခြင်းဟူသည့် အဆင့်များ ကို လုပ်ကိုင်ဆောင်ရွက်ရသည်။ ကျောက်ဆစ်လုပ်ငန်းတွင် အမျိုးသားများသာမက အမျိုးသမီးများပါ ဝင်ရောက်လုပ်ကိုင်နေကြရသည်ကို တွေ့ရသည်။

ဆင်းတုတစ်ဆူတွင် ဦးခေါင်းတော်၊ မျက်နှာတော်နှင့် ကိုယ်ခန္ဓာတို့ကို ထုဆစ်ပုံဖော်ပြီးသည်နှင့် ကျောက်ခဲလေးမျိုး၊ ကော်ပတ်လေးမျိုးဖြင့် အချောကိုင်သည့်အဆင့်ကို အမျိုးသမီးများက ပြုလုပ်ပေးလေ့ရှိသည်။ ဉာဏ်တော်အလိုက် ဆင်းတုတစ်ဆူလျှင် နှစ်ဦးမှ ငါးဦးအထိ ဝင်ရောက် လုပ်ကိုင်ကြသည်ကိုတွေ့ရသည်။ ဆင်းတုတော် ဉာဏ်တော်အငယ်များတွင် တစ်ဦးတည်း ဆောင်ရွက်နိုင်ကြသည်။ နောက်ဆုံးအဆင့်မှ ဝင်ရောက်ရသည့် ရွှေရေးခြင်းဆိုသည်မှာ ကျောက်ဆင်းတုအပေါ်၌ ပန်းချီရေးဆွဲရသည့် ပညာရပ်ပင်ဖြစ်ပြီး ဆင်းတုတော်၏ မျက်ခုံးတော်၊ မျက်လုံးတော်၊ နှုတ်ခမ်းတော်၊ သင်္ကန်းတော် စသည်များတွင် လိုအပ်သည့်အရောင်များအား ထည့်သွင်းရေးဆွဲပေးရသည်။ ရွှေရေးပညာရှင်သည် ပန်းချီဆေးရေးပညာကို စိုက်ထုတ်အသုံးပြုခြင်းဖြစ်ပြီး လုပ်ငန်းရှင်က ဆေးရေးပစ္စည်းများကို စိုက်ထုတ်ပေးရသည်ကို တွေ့ရသည်။ ထို့အတူ ကျန်သည့်ပညာရှင်များအတွက် လိုအပ်သည့် လက်နက်ကိရိယာ ကုန်ကြမ်းပစ္စည်းအားလုံးကိုလည်း စိုက်ထုတ်ထားရခြင်းဖြစ်ပြီး ဝင်ရောက်လုပ်ကိုင်သူများအတွက် ပညာကြေးရရှိနိုင်ကြသည်။

### ကျောက်ဆစ်လုပ်ငန်း

မြန်မာတစ်နိုင်ငံလုံးတွင် ကျောက်ကိုထုဆစ် ပုံဖော်သည့် ကျောက်ဆစ်တန်းဟူ၍ မန္တလေးတစ်ခုတည်းသာရှိသည်။ မန္တလေးကျောက်ဆစ်တန်း မှတစ်ဆင့် ရန်ကုန်အပါအဝင် တစ်နိုင်ငံလုံးသို့ပို့ဆောင်ရောင်းချနေခြင်းဖြစ်သည်။ ကျောက်ဆင်းတုတော်များကို အမှာရှိသည့်အတွက် ထုလုပ်ခြင်းရှိသလို ကိုးကွယ်လိုသူများအတွက် အဆင်သင့် ပြုလုပ်ထားပေးခြင်းလည်း ရှိကြသည်။ မြန်မာပြည်အနှံ့မှ ကိုးကွယ်လိုသည့် ဘာသာဝင်များက လာရောက်ဝယ်ယူကြခြင်းဖြစ်ကြသည်။ စကျင်ကျောက်ကို အတန်းစား သုံးမျိုးခွဲပြီး ဈေးသုံးမျိုး သတ်မှတ် ပြုလုပ်ကြသည်။ ကျောက်အရည်အသွေး ကောင်းပြီး အနုစိတ်လက်ရာများ ပုံဖော်ပြုလုပ်ထားသည်ကို ပထမတန်းစားဟု သတ်မှတ် ရောင်းချသည်။ ပထမတန်းစားကျောက်သည် အရည်အသွေးကောင်းပြီး အနုအနွဲ့လက်ရာများကို ဖန်တီးပြုလုပ်နိုင်သဖြင့် ဈေးကောင်းရသည်။ ပထမတန်းစား ကျောက်သားဖြင့် ဉာဏ်တော်ငယ်လွန်းသည်များကို ထုလုပ်လေ့မရှိဘဲ အသေးဆုံးတစ်ပေနီးပါးအရွယ်မှ ပြုလုပ်ကြသည်။

ဉာဏ်တော်ကို တိုင်းထွာရာတွင် ပုံတော်ကိုသာ တိုင်းထွာပြီး ပုံတော်အောက်မှ ပလ္လင်ကိုထည့်သွင်းခြင်း မရှိပေ။ ဈေးနှုန်းမှာ တစ်ပေအရွယ်တွင် တစ်လက်မ ကျပ် ၆၀၀၀ ဈေးရှိသည်။ ဉာဏ်တော်ကြီး ကျောက်သားကောင်းဆိုလျှင် ပုတ်ပြတ်ဈေးနှုန်းဖြင့် ထုလုပ်ပေးလေ့ရှိသည်။ အလတ်စား ကျောက်ဆင်းတုဈေးမှာ တစ်လက်မ ကျပ် ၄၀၀၀ နှုန်းဖြစ်ပြီး တတိယတန်းစား ကျောက်ဆင်းတုမှာ တစ်လက်မ ကျပ် ၂၅၀၀ ဈေး ဖြစ်သည်။ တတိယတန်းစား ကျောက်သားသည် အကြမ်းခံပြီး ဈေးနှုန်းသက်သာသည်။ ယင်းကိုလုပ်ငန်းခွင်အတွင်း ပိတ်သားဟုခေါ်ကြပြီး စေတီတော်များရှိ ဂြိုဟ်တိုင်မှ ဆင်းတုတော်များ ထုလုပ်ရာတွင် အများဆုံးအသုံးပြုကြသည်။ ကျောက်ဆင်းတုတော်များကို လူနေအိမ်များတွင် ထုလုပ်ကိုးကွယ်ခြင်းမှာ နည်းပါးပြီး အများသူငါ ကိုးကွယ်ရန်အတွက် ဘုန်းကြီးကျောင်းများ၊ စေတီတော်များ၌သာ တည်ထားခြင်းကများသည်။ အိမ်တွင်ထား၍ မကိုးကွယ်ကောင်းဟု အချို့ကလည်း အယူအဆရှိကြသည်။ ကျောက်ဆစ်တန်းတွင် ဘုရားဆင်းတုတော်များသာမက လာရောက်အပ်နှံသည့် ကိုးကွယ်ရန် နတ်ပုံတော်များ၊ ဘိုးတော်၊ မယ်တော်ပုံများ စသည်တို့ကိုလည်း ထုလုပ်ပေးလျက်ရှိသည်။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ဝန်းကျင် တစ်ဝိုက် ဘုရားပစ္စည်းများ ရောင်းချသည့်ဆိုင်များတွင် ကျောက်ဆစ်လက်ရာများကို မြင်တွေ့ရပြီး လောကနတ်၊ သမ္ဗတ၊ နေလ၊ ရွှေလရောင် စသည့် နိဗ္ဗာန်ကုန်ဆိုင်ကြီး များ၌ ကျောက်ဆစ်လက်ရာ အရွယ်စုံ ပုံသဏ္ဌာန်မျိုးစုံကို ဝယ်ယူရရှိနိုင်ပါသည်။

### ကျောက်ဆစ်တန်းမှ အပြန်

ကျောက်ဆစ်လုပ်ငန်းခွင်တွင် ဆင်းတုတော်များကို သစ်သားတန်းများဖြင့် ထုပ်ပိုးပြီး မှာယူသည့်နေရာသို့ ပို့ဆောင်ပေးနေသည်မှာလည်း စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ကျောက်ဆစ်တန်း၏ လမ်းဘေးဝဲ၊ ယာတွင် ထုဆစ်ပြီးသား ရုပ်ပွားတော်များ၊ ပုံကြမ်းကိုင်ထားသည်များ၊ ဆင်းတုတော်ထုဆစ်နေကြသည်များ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေကြသည့် ကျောက်ဆစ်ပညာရှင်များကို မြင်တွေ့နေရသည်။ နယ်အမှာရှိသည့် ဆိုင်များကလည်း ပို့ဆောင်ရမည့် ပုံတော်များကို စနစ်တကျ ထုပ်ပိုးပြင်ဆင်နေကြသည်။ ကျောက်ဆင်းတုများဖြစ်သည့်အတွက် အလေးချိန်များသောကြောင့် အနီးအနားဝန်းကျင်လုပ်ငန်းတူများက ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးနေကြသည်မှာ မြန်မာတို့၏ တန်ဖိုးရှိသည့် ဓလေ့တစ်ခုဖြစ်သည်။ ယဉ်ကျေးမှုမြို့တော်ဖြစ်သည့် မန္တလေးတွင် မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ စရိုက်များကို တစ်နေရာတစ်ဝင်းတည်း စုစည်းတွေ့မြင်ရသည်မှာ စိတ်ကျေနပ်ဖွယ်ဖြစ်ပါသည်။ ဆက်လက်၍ ယခုကဲ့သို့ မြန်မာ့ဓလေ့ထုံးတမ်းများနှင့် ရိုးရာအမွေအနှစ်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း သယ်ဆောင် သွားနိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် အားကစားရုံဖွင့်ပွဲတက်ရောက်



**လားရှိုး ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စု အားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးအားကစားရုံ ဖွင့်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မိုးလုံလေလုံ လေ့ကျင့်ရေးအားကစားရုံသစ်အဆောက်အအုံကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အားကစားရုံသစ် ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကား ပြောကြားရာတွင် အလျားပေ ၃၀၀၊ အနံပေ ၁၀၀ ရှိသော လေ့ကျင့်ရေးအားကစားရုံဖြစ်ပြီး ဘတ်စကက်ဘော၊ ဘော်လီဘော၊ ဂျူဒို၊ ဝူရှူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ မြန်မာ့သိုင်း၊ ဗိုဗီနမ် စသော အားကစားနည်းများကို တစ်နှစ်ပတ်လုံး လေ့ကျင့်နိုင်မည်ဖြစ်ကာ ရှမ်းပြည်နယ်နှင့် နိုင်ငံတော်အတွက် မျိုးဆက်သစ်အားကစားသမား အမြောက်အမြား မွေးထုတ်ပေးနိုင်မည်ဖြစ်၍ ကျေနပ်အားရမိပါကြောင်း၊ လားရှိုးမြို့တွင် စတင်ဖွင့်လှစ်သည့် လေ့ကျင့်ရေးအားကစားရုံကြီးသည် ထူးချွန်ထက်မြက်သော အားကစားသမားများကို ပိုမိုမွေးထုတ်ကာ ရှမ်းပြည်နယ်၏ ဂုဏ်ကို ဆက်လက်မြှင့်တင်ပေးနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲကို ပန်းဖွား၊ ကရာတေးဒို၊ ဘတ်စကက်ဘော အားကစားနည်းများဖြင့် သရုပ်ပြသခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# မြစ်ကြီးနားတက္ကသိုလ် ကြက်ခြေနီအသင်းခွဲက ကြီးမှူး၍ (၁၂) ကြိမ်မြောက် စေတနာသွေးသန့်လှူဒါန်း

**မြစ်ကြီးနား ဇူလိုင် ၂၄**

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြစ်ကြီးနားတက္ကသိုလ် ကြက်ခြေနီအသင်းခွဲက ကြီးမှူး၍ (၁၂)ကြိမ်မြောက် စေတနာသွေးသန့် စုပေါင်းသွေးလှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ယနေ့ (၁၂) ကြိမ်မြောက် စေတနာသွေးသန့် စုပေါင်းသွေးလှူဒါန်းပွဲတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်က စေတနာသွေးသန့် သွေးပုလင်း ၁၀၀ ကျော် ဖောက်ထုတ်လှူဒါန်းပြီး စတင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ၁၁ ကြိမ်မြောက် သွေးလှူဒါန်းမှုမှာ သွေးပုလင်း ၁၀၀၀ ခန့် လှူဒါန်းပြီးဖြစ်ကြောင်း မြစ်ကြီးနားတက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ သတ္တဗေဒဘာသာရပ်ဌာန ဆရာမကြီး ဒေါက်တာနော်ဆီးလျာလင်းဘတ်ထံမှ သိရသည်။

မြစ်ကြီးနားတက္ကသိုလ် ကြက်ခြေနီအသင်းခွဲအား ၂၀၁၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်း၍ ယနေ့အထိ ကြက်ခြေနီသင်တန်းသား သင်တန်းသူ ၈၀၀ ခန့် မွေးထုတ်ပေးခဲ့သည်။

သွေးလှူဒါန်းပွဲသို့ မြစ်ကြီးနားတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းနှင့် ပါမောက္ခ၊ ဌာနမှူးများ မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာသန်းထွန်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများ၊ (၇-၁) ဆိုင်ကယ်အရောင်းဆိုင်မှ အလှူရှင် မန်နေဂျင်းဒါရိုက်တာ ဦးတွမ်ပိချင်းနှင့် မိသားစုများ၊ မြစ်ကြီးနားမြို့နယ် ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့ဝင်များ၊ စေတနာသွေးသန့် သွေးလှူရှင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အင်အား ၁၅၀ ကျော် တက်ရောက်ကြသည်။ **ဦးလေးကြီး**

## တိုတိုထွာထွာဖတ်စရာ

### ကျောင်းကျန်းမာရေးကွင်းဆင်းဆောင်ရွက်

**အောင်လံ**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ တရော်ကုန်းရပ်ကွက် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းတွင် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ကျောင်းကျန်းမာရေး စစ်ဆေးပေးသည်။

ကျန်းမာရေးဆရာမများနှင့် မြို့နယ်စည်ပင်ကျန်းမာရေးမှူး ဦးသက်လွင်တို့သည် ကျောင်းသား ကျောင်းသူများနှင့် မိဘများအားတွေ့ဆုံ၍ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးတို့အတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးပေးကုသခြင်း၊ သောက်သုံးရေနှင့် ကျောင်းတွင်းကျောင်းပြင် သန့်ရှင်းရေးစစ်ဆေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

### မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ

**ထန်တလန်**

ချင်းပြည်နယ် ထန်တလန်မြို့နယ်တွင် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြပွဲကို နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်းစောအောင်က အချို့ကျောင်းသားလူငယ်များ စူးစမ်းလိုစိတ်ဖြင့် ကော်ရှူခြင်းမှာ ကျန်းမာရေးကို များစွာထိခိုက်စေကြောင်းကိုလည်းကောင်း၊ ဒုတိယမြို့နယ်ရဲမှူး ကျော်နိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးလင်းကိုကိုက အရက်၏ဆိုးကျိုးများအကြောင်းကိုလည်းကောင်း ဟောပြောပြီး မီးဘေးအန္တရာယ်နှင့်ကြုံတွေ့လာပါက မီးဘေးလုံခြုံရေးဆောင်ရွက်ပုံများနှင့် မီးသတ်ဘူးအသုံးပြုပုံကို လက်တွေ့သရုပ်ပြရှင်းလင်းကာ ကျောင်းသား ကျောင်းသူများအား လက်တွေ့ လုပ်ဆောင်စေခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ဝက်လက်**

ဝက်လက်မြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရန်ပုံငွေ ကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် ရှားကွဲကျေးရွာ၊ တောကုန်းကျေးရွာ၊ မိတ္ထီလာကျေးရွာ ကော်မတီဝင်များထံသို့ အသီးသီးလွှဲပြောင်းပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်စိုက်ပျိုးနိုင်သည့် စံပြကွက်များဖော်ဆောင်

**မုံရွာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဘဏ္ဍာနှစ်ခြောက်နှစ်အတွင်း ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် မြေဧက ၃၂၄ ဧကကို စံပြကွက်များအဖြစ် ဖော်ဆောင်စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာတင်မာမာဦး၏ ပြောကြားချက်အရ သိရသည်။



"နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်တွေမှာ အခုလက်ရှိ လုပ်ကိုင်နေတဲ့ ရွှေ့ပြောင်းတောင်ယာစနစ်မှ ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်ကို ပြောင်းလဲနိုင်ဖို့၊ မြေဆီလွှာရေတိုက်စားမှုကာကွယ်ဖို့၊ သစ်တောပြုန်းတီးမှုမှကာကွယ်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုကို ကာကွယ်နိုင်ရန်၊ လူပင်ပန်းမှုသက်သာစေဖို့အတွက် ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်ကို ဖော်ဆောင်ပေးတာပါ၊ ရွှေ့ပြောင်းတောင်ယာစနစ်က တစ်နှစ်ကိုတစ်ကြိမ်လောက် ပြောင်းရွှေ့နေရတာဖြစ်တယ်၊ ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်က တစ်နှစ်တစ်ကြိမ်ရွှေ့ပြောင်းစရာမလိုဘူး" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာတင်မာမာဦးက ပြောသည်။

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးစနစ်မှ ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲနိုင်ရန် တိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သော လဟယ်၊ လေရှီးနှင့် နန်းယွန်းမြို့နယ်များ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ် မြေ ၂၈ ဧကအား ဖော်ဆောင်ပြီး စံပြကွက်များအဖြစ် စိုက်ပျိုးပြသခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၃၉ ဧကကို လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၄၇ ဧကကိုလည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၅၈ ဧကကိုလည်းကောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ၆၉ ဧကကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၈၃ ဧကကိုလည်းကောင်း စုစုပေါင်း ၃၂၄ ဧကကို စံပြကွက်များ ဖော်ဆောင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# မိုးရေတိုက်စားမှုကြောင့် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုကားလမ်း လမ်းပခုံးမြေသားများ ပြိုကျ



**မြစ်ကြီးနား ဇူလိုင် ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုကားလမ်းမပေါ်ရှိ မြစ်ကြီးနား-မိုးကောင်းကြား လွယ်ခေါ ၁၉ မိုင်ကျေးရွာမှ မိုးကောင်းဘက်အထွက် တံတားရေပေါက်တွင် ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီခန့်က မိုးရေတိုက်စားခဲ့၍ လမ်းပခုံးမြေသားများ ပြိုကျခဲ့ကြောင်း သိရသည်။

"ကျွန်တော် မနက် ၆ နာရီလောက်က မြစ်ကြီးနားသွားတော့ မတွေ့ခဲ့ဘူး၊ ၁၀ နာရီလောက် မြစ်ကြီးနားကပြန်ခဲ့တော့ လမ်းကတော်တော်ပြိုကျနေပြီ၊ လမ်းအပေါ်ကကြည့်ရင် ကတ္တရာလမ်းပဲ့နေတာပဲမြင်ရတာ၊ လမ်းရဲ့အောက်မှာ ကလိုင်ဖြစ်ပြီး စားနေတာ၊ ဝန်ပါတဲ့ကားကြီးတွေဆိုရင် ကျွံကျသွားနိုင်တယ်၊ အချိန်မီမပြင်နိုင်ရင်တော့ လမ်းက ဒီထက်ဆိုးသွားနိုင်တယ်၊ ကားလမ်းက ရှောင်ကွင်းစရာလည်းမရှိဘူး၊ ဒီတစ်လမ်းပဲရှိတာပါ" ဟု မြစ်ကြီးနားမှ ကားဖြင့်ဈေးဝယ်ပြန်လာသူ နမ္မတီးမြို့နေ ကိုမြင့်အောင်က မြင်တွေ့ခဲ့သည်ကိုပြောသည်။ ၂၀၁၇ ခုနှစ် မိုးတွင်းပိုင်းကလည်း အကျဲကျေးရွာအဝင် ကားလမ်းအလယ်တွင် လမ်းမြေကျွံကျခဲ့ဖူးကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

တိုတိုထွာထွာဖတ်စရာ

## မြစိမ်းရောင်ကျေးရွာသုံးရွာအား ရန်ပုံငွေပေးအပ်

**ရေတာရှည်**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာ သုံးရွာအား ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်မတည်ငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်က ဆပ်သေ(တောင်)ရွာ၊ ဒေဝကျေးရွာ၊ အောင်းကုန်း ကျေးရွာ တို့မှတက်ရောက်လာကြသော ကော်မတီဝင်များအား ကျပ်သိန်း ၃၀၀ စီ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ပြည်သူ့ကျန်းမာရေးကြီးကြပ် ၂ သင်တန်းဆင်း

**မြောင်းမြ**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး ကျင်းပသော ပြည်သူ့ကျန်းမာရေးကြီးကြပ် ၂ သင်တန်း အမှတ်စဉ် ၃/၂၀၁၈ သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက မြောင်းမြခရိုင် ပြည်သူ့ကျန်းမာရေးဌာန သင်တန်းခန်းမ၌ ကျင်းပ သည်။

ပြည်သူ့ကျန်းမာရေးကြီးကြပ် ၂ သင်တန်းကို မြောင်းမြမြို့နယ်၊ ဝါးခယ်မ မြို့နယ်၊ အိမ်မဲမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၄၁ ဦးတို့အား ဇန်နဝါရီ ၁၅ ရက်မှ ဇူလိုင် ၂၄ ရက်ထိ စာတွေ့ လက်တွေ့ သင်ကြားပေး ကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

## ငါးသားပေါက်ကောင်ရေ တစ်သိန်းခွဲ ငါးမျိုးစိုက်ထည့်

**ကန့်ဘလူ**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနသည် ငါးမျိုးများမပြုန်းတီးရေး၊ ငါးမျိုးများပြန့်ပွားစေရေးနှင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ငါးသယံဇာတများကို ဈေးနှုန်းချိုသာ စွာဖြင့် စားသုံးနိုင်စေရန်ရည်ရွယ်ချက်နှင့်အညီ ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက ကန့်ဘလူမြို့နယ်ရှိ ကင်းတပ်ဆည်အတွင်းသို့ ငါးမျိုးများစိုက်ထည့် ပေးခဲ့ကြောင်း သိရသည်။

ယင်းငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်း များ၊ ကင်းတပ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်း များ၊ ရွာသစ်ကုန်းကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ) ကော်မတီအဖွဲ့ဝင်များ၊ ကင်းတပ်ဆည် ရေလုပ်သားများက ကင်းတပ်ဆည်အတွင်းသို့ ရွှေဘိုငါး သားပေါက်စခန်းမှ မှာယူထားသည့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၈၀၀၀၀ နှင့် ထိုင်းငါးခုံးမ ငါးသားပေါက်ကောင်ရေ ၇၀၀၀၀ စုစုပေါင်း ကောင်ရေ ၁၅၀၀၀၀ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသည် ဇူလိုင် ၁၇ ရက်က သိန်ရင် ဆည်နှင့် လင်ပန်းဆည်တို့တွင် ငါးသားပေါက်ကောင်ရေ တစ်သိန်းစီ စိုက်ထည့်ပေးခဲ့ပြီး ဩဂုတ်လတွင် ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်ရှိ သဖန်း ဆိပ်ဆည်အတွင်းသို့လည်း ငါးသားပေါက်များ စိုက်ထည့်ပေးမည်ဖြစ် ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

**ကျိုက်ထို**
မုတ္တမပင်လယ်ကွေ့ဒေသ ရပ်ရွာအခြေပြု ကမ်းရိုးတန်းစီမံခန့်ခွဲမှုစီမံချက် အဖွဲ့မှ လူထုစေတနာ့ဝန်ထမ်းများအတွက် ဘေးအန္တရာယ်လျှော့ချရေး ဆိုင်ရာ မွမ်းမံသင်တန်းကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့ Golden Bliss Hotel မင်္ဂလာခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ကျိုက်ထို၊ ဘီးလင်း၊ သထုံမြို့နယ်များအတွင်းရှိ စီမံကိန်းကျေးရွာ ၁၇ ရွာမှ သင်တန်းသား သင်တန်းသူ ၅၁ ဦးတက်ရောက် ပြီး မွန်ပြည်နယ်စီမံချက်အဖွဲ့ရုံးမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အရာရှိ ဦးသော်ဇင်တိုး၊ စွမ်းရည်မြှင့်တင်ရေးအဖွဲ့အရာရှိ ဦးတေဇာလင်း တို့က နည်းပြများအဖြစ်ဆောင်ရွက်ပြီး ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်ထိ သင်ကြားပို့ချကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

## ဆိုင်ကယ်များစနစ်တကျပြေးဆွဲနိုင်ရေးဆောင်ရွက်ပေး

**မန္တလေး**
မန္တလေးမြို့တော်စည်ပင်သာယာနယ်မြေအတွင်း အငှားဆိုင်ကယ်လုပ်ငန်း များ စနစ်တကျမှတ်ပုံတင်စေ၍ ခရီးသည်ပို့ဆောင်ရေး၊ ပြည်သူတို့၏ သွားလာမှု လုံခြုံချောမွေ့ အဆင်ပြေစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက စည်ပင်သာယာနယ်မြေ ခြောက်မြို့နယ် အတွင်း ယာဉ်ရပ်နားစခန်းများအပါအဝင် အငှားဆိုင်ကယ်များကို စီမံရေးရာ ဌာန အနေးယာဉ်ဌာနခွဲမှ ၃၅ လမ်းရှိ မဟာအောင်မြေမြို့နယ် စည်ပင် သာယာအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၆ ရက်ထိ ရုံးဖွင့်ရက်ရုံးချိန်အတွင်း မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ဂိတ်နေရာများအား နီးစပ်ရာအစုအဖွဲ့များ စုစည်းပြီး တစ်ဂိတ်လျှင် အငှားဆိုင်ကယ် ၁၀ စီးမှ ၂၅ စီးအထိ ထားရှိရန်၊ မြို့နယ်အလိုက် ဂိတ်နေရာ များနှင့် အငှားဆိုင်ကယ်ယာဉ်မောင်းဝတ်စုံ သတ်မှတ်ဆောင်ရွက်ပေးမည် ဖြစ်သည်။ **မောင်ပြည်သူ(မန္တလေး)**

# သက်မွေးပညာရပ်များဆိုင်ရာ ကာလတိုသင်တန်း ၁၀ မျိုးတွင် ၁၈၁၉ ဦးကို သင်ကြားပေး

**ဘားအံ ဇူလိုင် ၂၄**
ကရင်ပြည်နယ် ဘားအံမြို့ အစိုးရနည်းပညာ အထက်တန်းကျောင်းက ဖွင့်လှစ်သော သက်မွေး ပညာရပ်များဆိုင်ရာ ကာလတိုသင်တန်း ၁၀ မျိုး အပတ်စဉ် (၂/၂၀၁၈) ဆင်းပွဲနှင့် အပတ်စဉ် (၃/၂၀၁၈) ဖွင့်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ကန်သာဦးခန်းမ၌ ကျင်းပ သည်။

ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ တင်ဝင်းကျော်က တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး အစိုးရနည်းပညာအထက်တန်း ကျောင်း (ဘားအံ)မှ ကျောင်းအုပ်ကြီး ဒေါက်တာ ချိုယုမွန်က ကာလတိုသင်တန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ADRA-Myanmar မှ တာဝန်ရှိ သူများက ADRA-Myanmar ၏ လုပ်ဆောင်ချက် များကိုလည်းကောင်း ရှင်းလင်းပြောကြားကြ သည်။

ဆက်လက်၍ အပတ်စဉ် (၂/၂၀၁၈) သင်တန်း ၁၀ မျိုးတွင် သင်ယူတတ်မြောက်အောင်မြင်ခဲ့သော သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များနှင့် သင်တန်းအလိုက် ထူးချွန် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။



အစိုးရနည်းပညာ အထက်တန်းကျောင်း (ဘားအံ) အနေဖြင့် သက်မွေးပညာရပ်များဆိုင်ရာ ကာလတိုသင်တန်းအပတ်စဉ် (၂/၂၀၁၈)ဆင်းပွဲ တွင် ၁၀ မျိုးဖြစ်သည့် အခြေခံအပ်ချုပ်သင်တန်း၊ အဆင့်မြင့်အပ်ချုပ်သင်တန်း၊ အခြေခံကွန်ပျူတာ သင်တန်း၊ စိုက်ပျိုးရေးသုံးစက်ကိရိယာများ ပြင်ဆင် တပ်ဆင်ခြင်းသင်တန်း၊ အိမ်တွင်းမီးများ တပ်ဆင် ခြင်းသင်တန်း၊ သံဂဟေဆက်ခြင်းအတတ်ပညာ သင်တန်း၊ စတီးဂဟေဆက်ခြင်းအတတ်ပညာ သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်း၊ ဆံပင် အလှပြုပြင်ခြင်းသင်တန်းနှင့် အမျိုးသားဆံပင်ညှပ် သင်တန်းတို့တွင် စုစုပေါင်း ၂၇၀ တတ်မြောက် အောင်မြင်ခဲ့ပြီး (၃/၂၀၁၈) ဖွင့်ပွဲတွင် သင်တန်းသား သင်တန်းသူ ၂၅၀ ဆက်လက်သင်ကြားပေးသွား မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၁၀ မျိုးအား သင်တန်းကာလ သုံးလတွင် စာတွေ့လက်တွေ့ နှစ်လခွဲ၊ ကျန် ၁၅ ရက်အား ပြင်ပလုပ်ငန်းခွင် အလုပ်သင်ကာလအဖြစ် သင်ကြားပေးခြင်း၊ သင်တန်းတက်စဉ်ကာလ အတွင်း နေ့တွက်စရိတ် တစ်ဦးလျှင် ကျပ် ၂၀၀၀ နှင့် အလုပ်သင်ကာလအတွင်း ကျပ် ၃၀၀၀ ထောက်ပံ့ ပေးခြင်း၊ သင်တန်းပြီးဆုံးပါကလည်း အလုပ်အကိုင် ချိတ်ဆက်ဆောင်ရွက်ပေးနေကြောင်းနှင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ သင်တန်းအပတ်စဉ် ၁၃ ကြိမ် သင်တန်းဆင်းဦးရေ ၁၈၁၉ ဦး သင်ကြားပေး နိုင်ခဲ့ပြီး ၃၄၄ ဦးကို အလုပ်အကိုင်ချိတ်ဆက်ပေးနိုင် ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# နေပြည်တော်ရှိ ရေဆင်းငါးလုပ်ငန်းစခန်းသို့ မန္တလေးမြို့မှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂၄**
၂၀၁၈ ခုနှစ်တွင် တက္ကသိုလ်ဝင် တန်းအောင်မြင်ခဲ့သော မန္တလေးမြို့ CAE ကိုယ်ပိုင်အထက်တန်းကျောင်း တစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၅ ဦးသည် နေပြည်တော် ဇေယျာ သီရိမြို့နယ် ရေဆင်းငါးလုပ်ငန်း စခန်းသို့ ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက လာရောက် လေ့လာခဲ့သည်။



အဆိုပါလေ့လာမှုတွင် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ရေဆင်းငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးစိုးပိုင်က ကြိုဆိုနှုတ် ခွန်းဆက်စကား ပြောကြားခဲ့ပြီး လေ့လာရေး အဖွဲ့ခေါင်းဆောင် ဒေါ်နှင်းနှင်းမော်က နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းထဲမှ တစ်ခုဖြစ် သော ငါးသယံဇာတများအား မည်ကဲ့ သို့သောစီမံကိန်းများဖြင့် ဆောင်ရွက် နေသည်ကို ကလေးငယ်များအား လက်တွေ့ကျကျသိမြင်စေရန် ရည်ရွယ် ချက်ဖြင့် လာရောက်လေ့လာခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရေဆင်းငါးလုပ်ငန်း တာဝန်ခံအရာရှိက ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒများချမှတ်ပြီး အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း နှင့် ငါးလုပ်ငန်းဆိုင်ရာကျေးလက် ဒေသ လူမှုစီးပွားရေးအဆင့်အတန်း တိုးတက် မြင့်မားစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း စသည့် ငါးလုပ်ငန်း ဦးစီးဌာန၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လေ့လာရေးအဖွဲ့ခေါင်း ဆောင်နှင့် ကျောင်းသား ကျောင်းသူ များသည် ငါးမွေးမြူရေးကန်များနှင့် ငါးမျိုးစိတ်များ သားဖောက်နေမှု လုပ်ငန်းအဆင့်ဆင့်ကို လေ့လာခဲ့ ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြေများပြိုကျပြီး ပိတ်ဆို့နေသောလမ်းအား ရှင်းလင်းဖယ်ရှား



**မန်တုံ ဇူလိုင် ၂၄**
ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံ မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မန်တုံနှင့် ဟူတုံကျေးရွာကြားတွင် မြေများပြိုကျကာ လမ်းပိတ်ဆို့ ခဲ့သည်။

အဆိုပါမြေများဖုံးလွှမ်းပြီး ပိတ်ဆို့နေသောလမ်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်အောင် ဦးဆောင်ကာ ရှင်းလင်းဖယ်ရှားဆောင်ရွက်ခဲ့သောကြောင့် ဇူလိုင် ၂၃ ရက်မှစ၍ ဒေသခံတိုင်းရင်းသားများ အဆင်ပြေ ချောမွေ့စွာ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

နိုင်လင်းကြည်





## ဝီလီယံရဲ့အပြောင်းအရွှေ့ကို ပေါင်သန်း ၇၀ ရရင် လက်ခံမယ်ဆိုတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဝီလီယံကို ဘာစီလိုနာအသင်းက ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းလာခဲ့တာဖြစ်ပြီး အဲဒီအပြောင်းအရွှေ့ဈေးနှုန်းကို ချယ်လ်ဆီးအသင်းက ငြင်းဆန်လိုက်ပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ ရမယ်ဆိုရင် လက်ခံစဉ်းစားပေးမယ်လို့ ဆိုခဲ့ပါတယ်။ စပိန်လာလီဂါချန်ပီယံ ဘာစီလိုနာအသင်းက ခေါ်ယူဖို့စီစဉ်နေသလို ကစားသမားကိုယ်တိုင်ကလည်း နူးကမ့်ကို သွားရောက်ကစားဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းနည်းပြဆာရီက ကွင်းလယ်ကစားသမား ဝီလီယံဟာ စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဆက်ရှိနေမယ်လို့ ပြောခဲ့သလို အသင်းမှာ ဆက်ထိန်းထားလိုတဲ့ဆန္ဒကြောင့် ကစားသမားရဲ့ ပြောင်းရွှေ့ကြေးကိုတောင် တိုးပြီးသတ်မှတ်ခဲ့ပါတယ်။ ဝီလီယံကို ဘာစီလိုနာအသင်းက ကမ်းလှမ်းလာတဲ့အပြင် မန်ယူအသင်းကလည်း ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ အခုအပြောင်းအရွှေ့ကာလ အတွင်းမှာ ဝီလီယံနဲ့ ဟာဇက်ကို ဆက်ထိန်းထားပြီး ရီးယဲလ်မက်ဒရစ်ကို ပြောင်းချင်နေတဲ့ ဂိုးသမားကော်တိုရစ်ရဲ့ နေရာမှာ အစားထိုးဖို့ ဂိုးသမားအသစ်ရှာဖွေနေတာလည်းဖြစ်ပါတယ်။

## အိုဇေးလ်ရဲ့လူမျိုးရေးခွဲခြားမှုစွပ်စွဲချက်ကို ငြင်းဆန်လိုက်တဲ့ ဂျာမနီဘောလုံးအဖွဲ့ချုပ်

အာဆင်နယ် ကွင်းလယ်ကစားသမား အိုဇေးလ်ရဲ့ လူမျိုးရေးခွဲခြားမှုစွပ်စွဲချက်ကို ဂျာမနီဘောလုံးအဖွဲ့ချုပ်က လေးနက်စွာပဲ ငြင်းဆိုသွားခဲ့ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိ အိုဇေးလ်ဟာ ဂျာမနီဘောလုံးလောကအတွင်းမှာ လူမျိုးရေးခွဲခြားမှုတွေနဲ့ တစ်ဦးနဲ့တစ်ဦး မလေးစားမှုတွေရှိနေတယ်လို့ဆိုပြီး ဂျာမနီအတွက် ကစားဖို့တောင်အရင်တုန်းကတည်းက ဆန္ဒမရှိခဲ့တာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ ဒါ့အပြင် အမုန်းအီးမေးလ်နဲ့ ခြိမ်းခြောက်မှုတွေကို ပါလက်ခံရရှိခဲ့တယ်လို့ ဆိုခဲ့တဲ့အပြင် ဂျာမနီလက်ရွေးစင်အသင်းရဲ့ စိတ်ပျက်စရာကောင်းတဲ့ ကမ္ဘာ့ဖလားခြေစွမ်းကိုလည်း ပြစ်တင်ပြောဆိုခဲ့ပါတယ်။ အဲဒါကြောင့် ဂျာမနီဘောလုံးအဖွဲ့ချုပ်က အဖွဲ့ချုပ်အနေနဲ့ အိုဇေးလ်ရဲ့ လူမျိုးရေးခွဲခြားဆက်ဆံမှုစွပ်စွဲချက်ကို လုံးဝငြင်းဆိုကြောင်းနဲ့ ဂျာမနီနိုင်ငံမှာ ဂျာမနီဘောလုံးအဖွဲ့ချုပ်ဟာ ပေါင်းစည်းလုပ်ဆောင်မှုတွေရှိခဲ့ကြောင်း ပြောခဲ့ပါတယ်။ အိုဇေးလ်ဟာ ၂၀၁၁ ခုနှစ်ကစပြီး ပရိသတ်ကပေးတဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ငါးကြိမ်အထိရခဲ့တာဖြစ်ပြီး ဂျာမနီအသင်းအတွက်လည်း ၉၂ ပွဲပါဝင်ကစားပေးခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် လူမျိုးရေးခွဲခြားမှုတွေရှိတယ်လို့ဆိုပြီး ဂျာမနီလက်ရွေးစင်အသင်းအင်္ကျီကိုပင်ဝတ်ဆင်ဖို့ ဆန္ဒမရှိခဲ့ဘူးလို့ ပြောခဲ့ပါတယ်။ ဒါ့အပြင် အိုဇေးလ်က ကျွန်တော်တို့အနိုင်ရခဲ့မယ်ဆိုရင် ကျွန်တော်ဟာ ဂျာမနီနိုင်ငံသားတစ်ဦးဖြစ်ပြီး ကျွန်တော်တို့ ရှုံးနိမ့်တဲ့အချိန်မှာတော့ ကျွန်တော်ဟာ ရွှေ့ပြောင်းသွားလာသူတစ်ဦးပါလို့လည်း ပြောခဲ့ပါတယ်။ အိုဇေးလ်ဟာ ဂျာမနီနိုင်ငံသားစစ်စစ်မဟုတ်ဘဲ တူရကီနဲ့ ဂျာမနီတို့ကနေမွေးဖွားလာတဲ့ တတိယမျိုးဆက်လည်းဖြစ်ပါတယ်။

## ချယ်လ်ဆီးဟာ မန်စီးတီးရဲ့ အဓိကပြိုင်ဘက်လို့ ပြောလိုက်တဲ့ ဆာနေး



ပရီမီယာလိဂ်လက်ရှိချန်ပီယံဟာ မန်စီးတီးအသင်းဖြစ်ပြီး လာမယ့်ဘောလုံးရာသီမှာ မန်စီးတီးအသင်းရဲ့ ချန်ပီယံဆုကို ယှဉ်ပြိုင်နိုင်မယ့်အသင်းဟာ ချယ်လ်ဆီးအသင်းဖြစ်တယ်လို့ မန်စီးတီးတိုက်စစ်မှူး လီရွိုင်းဆာနေးက ပြောခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ရာသီအကြိုပွဲစဉ်တွေမကစားမီအချိန်အတွင်းမှာ နည်းပြကွန်တီကို အသင်းကနေ ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုထုတ်ပယ်လိုက်တာကြောင့် အသင်းဟာ ကမောက်ကမ ဖြစ်သွားခဲ့ပေမယ့် နာပိုလီအသင်းနည်းပြဆာရီကို ချက်ချင်းဆိုသလို ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ကွန်တီနေရာကို ဆက်ခံတဲ့ဆာရီဟာ ဘယ်အသင်းနဲ့မဆို အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာမို့ မန်စီးတီးတိုက်စစ်မှူး ဆာနေးက ချယ်လ်ဆီးအသင်းဟာ နည်းပြကောင်းတစ်ဦးကို ပိုင်ဆိုင်ခွင့်ရခဲ့တာလို့လည်း ပြောခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီက နာပိုလီအသင်းကို ကိုင်တွယ်ခဲ့သလို ချယ်လ်ဆီးအသင်းက နည်းပြဆာရီ ကိုင်တွယ်မယ်ဆိုရင် မန်စီးတီးအသင်းအတွက် အဓိကပြိုင်ဘက်ဖြစ်လာဖို့ရှိနေတယ်လို့လည်း မန်စီးတီး တိုက်စစ်မှူး ဆာနေးက ပြောခဲ့ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးကစားသမား ပက်ဒရိုကလည်း နည်းပြဆာရီဟာ ချယ်လ်ဆီးအသင်းနဲ့ ပထမရာသီမှာ ဆုဖလားရယူပြီး စတင်လိမ့်မယ်လို့ ဆိုခဲ့ပါသေးတယ်။

## ခုနစ်နှစ်ကြာဖလားလက်မဲ့ဖြစ်မှုကို အဆုံးသတ်ဖို့ လိုလားနေတဲ့ လီဗာပူးနည်းပြ ကလော့

လီဗာပူးအသင်းဟာ ၂၀၁၂ ခုနှစ်တုန်းက လိဂ်ဖလားရရှိခဲ့ပြီးတဲ့နောက် ခုနစ်နှစ်အတွင်းမှာ



ဘယ်ဖလားမှ ရယူနိုင်ခဲ့တာမရှိခဲ့ပါဘူး။ အဲဒီလိဂ်ဖလားရတုန်းကလည်း ကာဒစ်ဖ်အသင်းကို ပင်နယ်တီနဲ့ နိုင်ခဲ့တာပါ။ အဲဒါကြောင့် လီဗာပူးအသင်းနည်းပြ ကလော့က လီဗာပူးအသင်းရဲ့ ခုနစ်နှစ်ကြာ ဖလားလက်မဲ့ဖြစ်မှုကို အဆုံးသတ်ဖို့ လိုလားနေတာလည်းဖြစ်ပါတယ်။ အဲဒီလိုဖလားလက်မဲ့ဖြစ်မှုက သူ့ကိုလည်း ဖိအားတွေ အောက်ကို ရောက်သွားစေခဲ့တယ်လို့လည်း ကလော့က ပြောပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ်မှာ ဗိုလ်လုပွဲအထိ တက်လှမ်းထားနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး အခုနှစ်မှာလည်း လီဗာပူးအသင်းပိုင်ရှင် Fenway Sports Group က အသင်းအောင်မြင်မှုရရှိဖို့အတွက် ကစားသမားလေးဦးကို ပြောင်းရွှေ့ကြေးပေါင် ၁၇၅ သန်းအထိ အကုန်အကျခံပြီး နည်းပြကလော့ကို ခေါ်ယူခွင့်ပြုခဲ့တာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အသင်းအတွက် အားထားရတဲ့ မိုဟာမက်ဆာလာနဲ့ဖာမီနိုတို့ကိုပါက စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့တာမို့ တောင့်တင်းတဲ့အသင်းတစ်သင်းလည်းဖြစ်လာပါပြီ။ ဒါကြောင့် နည်းပြကလော့က စုဖွဲ့မှုအားကောင်းတဲ့ ကစားသမားတွေနဲ့အတူ ခုနစ်နှစ်ကြာ ဖလားလက်မဲ့ဖြစ်မှုကို အဆုံးသတ်ဖို့ ပြောကြားလာတာ ဖြစ်ပါတယ်။

## ခြေထောက်ကြွက်သားဒဏ်ရာကြောင့် ရာသီကြိုခရီးစဉ်မှ လှည့်ပြန်ခဲ့ရတဲ့ နောက်ခံလူ ဂျိုးလ်မာတစ်

လီဗာပူးအသင်းနောက်တန်းကစားသမား ဂျိုးလ်မာတစ်ဟာ ခြေထောက်ကြွက်သားဒဏ်ရာရရှိခဲ့တာမို့ လီဗာပူးအသင်းရဲ့ ရာသီအကြိုပွဲစဉ်တွေကစားနေတဲ့ အမေရိကန်ခရီးစဉ်ကနေ လှည့်ပြန်ခဲ့ရပါပြီ။ ဗဟိုခံစစ်မှူး ဂျိုးလ်မာတစ်ဟာ လီဗာပူးအသင်းက ဒေါ့မွန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ပွဲစဉ်မှာ ပထမပိုင်းမှာပဲ ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။ ဂျိုးလ်မာတစ်ရဲ့ ဒဏ်ရာဟာ ရာသီအကြိုကစားရမယ့်ပွဲစဉ်နှစ်ပွဲကို ကစားနိုင်ဖို့ မဖြစ်နိုင်ကြောင်းလည်း လီဗာပူးအသင်းဆေးအဖွဲ့က အတည်ပြုပြောကြားခဲ့ပါတယ်။ လီဗာပူးအသင်းကတော့ ဂျိုးလ်မာတစ်ရဲ့ ဒဏ်ရာဟာ မပြင်းထန်ဘူးလို့ဆိုခဲ့ပေမယ့် ဆေးဝါးကုသမှုခံယူဖို့ အင်္ဂလန်ကို ပြန်သွားခဲ့ရတာဖြစ်ပါတယ်။ ကင်မရွန်းကြယ်ပွင့် ဂျိုးလ်မာတစ်ဟာ မတ် ၃၁ ရက်ကကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့အသင်းနဲ့ ပွဲစဉ်မှာ ပေါင်ဒဏ်ရာရရှိခဲ့တာကြောင့် လီဗာပူးအသင်းရဲ့ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲမှာလည်း ပါဝင်ကစားခွင့် ပျောက်ဆုံးခဲ့ရသူလည်းဖြစ်ပါတယ်။ လက်ရှိမှာလည်း ခြေထောက်ဒဏ်ရာရထားပေမယ့် လီဗာပူးအသင်းနည်းပြ ကလော့ကတော့ ဩဂုတ် ၁၂ ရက်မှာ ဝက်စ်ဟမ်းအသင်းနဲ့ ကစားမယ့် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှာ နောက်ခံလူ ဗန်ဒစ်နဲ့အတူ ဂျိုးလ်မာတစ်ပွဲထွက်လာလိမ့်မယ်လို့ ဆိုခဲ့ပါတယ်။


© Liverpool FC via Getty Images




## 'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'

ALL ADULTS MUST BE ABLE TO DRIVE

နယူးအာရှ(NEW ASIA)အပါတ်စဉ်(၂၂၅)

အခြေခံယာဉ်မောင်းနှင့်စက်မှုပြင်ထိန်းသိမ်းသင်တန်းကျောင်း

၂၀၁၈၊ ဩဂုတ်လ (၃)ရက်နေ့ဖွင့်မည်။

- Air-con ရေခဲသေတ္တာမှုပြင်ထိန်းသိမ်းသင်တန်း(၁လပြတ်)
- အခြေခံယာဉ်မောင်းစက်ပြင်သင်တန်း ၁လ-ပုံမှန်သင်တန်း
- စက်ပြင်အထူး(သီးသန့်) သင်တန်း (၂လပြတ်)
- လျှပ်စစ်နှင့်မီတာငွေ့ ဂဟေဆက်သင်တန်း (၁လအပြတ်)

နယ်ဝေးအဆောင်ရှိသည်။

နည်းပြဆရာ/ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြား လိုပါကသီးခြား စီစဉ်ပေးပါသည်။

ဆက်သွယ်ရန် - အမှတ် ၉၅၃၊ ရွှေနှင်းဆီလမ်း ကျိုင်ခွဲ (ယောအိမ်မှတ်တိုင်)၊ မရမ်းကုန်းမြို့နယ်။
Ph- 09 43198384, 09 43171697, 09 43157424, 09 43198381

သင်တန်းခွဲ - အမှတ်(၁၄၈)၊ ခရေပင်လမ်းမကြီး သုံးရာသီမှတ်တိုင်အနီး မင်္ဂလာဒုံမြို့နယ်။
Ph-09 43144310, 09 260736397, 09 795743297

သင်တန်းခွဲ - အမှတ် ၅၂၊ မကျွေးလမ်း တံတားဦး ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
Ph-09 31339152, 09 261436057, 09 420138573

မိုး

ဒီဇယ်ဓာတ်ဆီ စက်ပြင်သင်တန်း (နေ့တိုင်းမှုအစဉ်)

ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၆
၀၉ ၅၀၅၂၁၁၅

## သီဟာလင်း

အိမ်ပြောင်း / အိမ်ငှားလုပ်ငန်း (10',14',16',18',22')ကား များဖြင့်လုပ်သားအပြီးအစီး မြို့တွင်း / နယ်ဝေး ဝန်ဆောင်မှုပေးသည်။

01-570307
09-5112729
09-5126394

## YWCA

ပန်းအလှပြုပြင်နည်းသင်တန်း

အခြေခံ၊အဆင့်မြင့်နှင့်လက်ဆောင်ပန်းစည်းသင်တန်း

နေ့ရက် - ၃၀-၇-၂၀၁၈ မှ ၈-၈-၂၀၁၈

အချိန် - မွန်းလွဲ၁း၀၀နာရီမှ ၃း၀၀နာရီ

နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၁-၃၉၂၄၇၀၊ ၀၉-၄၄၃၂၃၃၇၅၈။ ၀၉-၄၀၁၈၆၂၀၂၀။

မှတ်ချက် - ဓါတ်ပုံ(၃)ပုံ၊မှတ်ပုံတင်မိတ္တူ ကတ်ကြေးမှတ်စုစာအုပ်ယူဆောင်လာရန်။

## မြခင်ရော်

အမှတ်တံဆိပ်

အစာအိမ်ဆေး

## Moneda Fashion

လူကြီးမင်းတို့၏ဝန်ထမ်းများအတွက် တူညီဝတ်စုံ

Sportshirt - ၃၂၅၀ကျပ်
Shirt လက်တို - ၅၅၀၀ကျပ်
Style pants - ၄၀၀၀ကျပ်

မှစ၍အရောင်, Design စိတ်ကြိုက် Order လက်ခံဆောင်ရွက်ပေးပါသည်။

ကုန်ပစ္စည်းအရောင်းမြှင့်တင်သည့် Promotion item (ဘောပင်၊ ခန်းစွက်၊ ထီး၊ ဦးထုပ်၊ သဘက်) များကိုလည်း
အနည်းဆုံး - ၈၅၀ကျပ်မှ စ၍
ဆေးရိုက်ပါအပြီး လက်ခံဆောင်ရွက်ပေးပါသည်။

အထည် (၁၀၀)နှင့်အထက် မှာယူသူများကို လိပ်စာအရောက်ပို့ပေးပါသည်။ (ရန်ကုန် Downtown ဧရိယာအတွင်း)

အမှတ် (၇၉)၊ (၁၂၄)လမ်း၊ မင်္ဂလာတောင်ညွန့်(မင်္ဂလာဈေးအနီး)၊ ရန်ကုန်။
01-9000260, 01-292129, 09-250388594

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် - ကံဘဲ့၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၊ မြေကွက်အမှတ်- ၁၀၅/က၊ ဧရိယာ(၀.၀၄၀)ဧကအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၁၄ ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သည့်မြေနှင့်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်ဦးမြင့်မောင်(၁၂/ရကန(နိုင်)၀၅၅၂၄၄)ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူဒေါ်တင်တင်ထွေး(၁၂/ဗဟန(နိုင်)၀၁၄၇၈၈)မှတရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
တရားလွှတ်တော်ရှေ့နေများ

| | | |
|---|---|---|
| ဦးအောင်နိုင်ဦး(စဥ်-၄၂၇၂) LL.B | ဦးမျိုးညွန့်(စဥ်-၅၁၄၂) LL.B,D.B.L | ဒေါက်တာထွေးစင်သော်(စဥ်-၉၃၀၀) LL.B,LL.M,M.Res,Ph.D |
| ဒေါ်ခင်စန္ဒာသက်ထွန်း(စဥ်-၁၀၄၂၉) LL.B,D.B.L,D.I.L | ဒေါ်အေးသူဇာ(စဥ်-၁၂၈၇၉) LL.B,D.B.L,D.I.L | |

အမှတ်(၁)၊ ပင်ရွှေညောင်လမ်း။ (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၂၅၀ ၃၇၃၇၃၈၊ ၀၉ ၄၄၃၁ ၆၅၆၅၆၊ ၀၉ ၄၄၃၀ ၂၉၆၉၆
E.mail : saikhungnoung1995@gmail.com

## Home

Since 1996
think of House, think of Home

## ပါကေးအစားထိုး ကြမ်းခင်း

Grade နှင့် Quality စမ်းနှုန်းကို စက်ဖြင့် (အခမဲ့) စမ်းသပ်ပေးသည်

Grade အရည်အသွေးအလိုက် ရွေးချယ်လိုက်

| | | | |
|---|---|---|---|
| 8mm Grade- A 110,000 | 8mm Grade- C 92,000 | 8mm Grade- D 86,000 | 8mm Grade- E 79,000 |

တစ်ကျင်းဈေး(၃၈)ချပ် Floor Only (8" x 48")

* Stock Limit အတွင်းသာ *

အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီတိုစီမှတ်တိုင်၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။
အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
09-950 950 950, 09-79 700 70 70

## GDC Modern Co.,Ltd.

Aluminium window,Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်(၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
၆။ အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက် တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။

လူကြီးမင်းတို့၏ လိုအပ်ချက်များကို အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ဖြေရှင်းပေးမည့်GDC

- အကောင်းဆုံးအရည်အသွေး၊ လေလုံမှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ခြေကိုက်စေမည့်

Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူး ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် - အမှတ်(၂၁၂)၊ရွှေဂုံတိုင်တာဝါ၊အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

## GW

0973226006
0973133528
0973077569

အိမ်ပြောင်း။အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။

အမှတ် ၇၅၊ မြေညီထပ်၊ မင်္ဂလာလမ်း
0940150555 9 စမ်းချောင်း

## ရွှေမဟာ

ဒဂုံမြို့သစ်အရှေ့ပိုင်း။ တောင်ပိုင်း။ မြောက်ပိုင်း။ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09 -5106146
09 -775106146

# မောင်တောဒေသတွင် သတင်းရယူရန် ပြည်တွင်း၊ ပြည်ပမီဒီယာအဖွဲ့ စစ်တွေမြို့သို့ရောက်ရှိ

**စစ်တွေ ဇူလိုင် ၂၄**

ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များအပါအဝင် သိရှိလိုသည်များကို မြေပြင်ကွင်းဆင်းသတင်းရယူရန် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ယနေ့ ညနေ ၄ နာရီ မိနစ် ၅၀ က ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။ **(အောက်ပုံ)**

သတင်းမီဒီယာအဖွဲ့တွင် Fuji TV၊ Sky News TV၊ New York Time၊ MNA၊ MRTV၊ MITV စသည်တို့မှ သတင်းထောက် စုစုပေါင်း ၁၇ ဦး ပါဝင်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**






ငွေတံဆိပ်ဆွတ်ခူးရရှိသည့် ဇင်မေထက်။

# အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲ လမ်းလျှောက်ပြိုင်ပွဲ၌ ငွေတံဆိပ်တစ်ခု ထပ်မံရရှိ

**ရန်ကုန် ဇူလိုင် ၂၄**

မလေးရှားနိုင်ငံ Shah Alam Selangor မြို့တွင် ကျင်းပလျက်ရှိသည့် 10th ASEAN SCHOOL Games - 2018 စတုတ္ထနေ့ပြိုင်ပွဲများအဖြစ် ယနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် အမျိုးသမီး မီတာ ၃၀၀၀ လမ်းလျှောက် ဗိုလ်လုပွဲ၌ ငွေတံဆိပ်တစ်ခု ထပ်မံရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် စံချိန် ၁၄ မိနစ် ၅၂ ဒသမ ၆၂ စက္ကန့်ဖြင့် မလေးရှားနိုင်ငံက ပထမ၊ စံချိန် ၁၅ မိနစ် ၁၁ ဒသမ ၇၉ စက္ကန့်ဖြင့် မြန်မာနိုင်ငံမှ ဇင်မေထက် (အား/ကာ သိပ္ပံ-တောင်ကြီး)က

**စာမျက်နှာ ၇ ကော်လံ ၅ သို့ ❖**

# မြန်မာနိုင်ငံတွင် ကျင်းပမည့် အာရှကလပ်ပြိုင်ပွဲအတွက် မြန်မာဘော်လီဘောအသင်း လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှကလပ် ဘော်လီဘောပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းသည် အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

၂၀၁၈ အာရှကလပ် ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကလပ်အသင်း ၁၄ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု(ဃ)တွင် တာ့ခ်မင်နစ္စတန်၊ ပါကစ္စတန်တို့မှ ကလပ်အသင်းများနှင့် ကျရောက်နေသည်။ ယခုပြိုင်ပွဲမှာ ကလပ်အသင်းပြိုင်ပွဲဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းသည် Asia World ကလပ်အသင်း အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးကျော်စွာဝင်းက ကိုင်တွယ်မည်ဖြစ်သည်။

မြန်မာဘော်လီဘောအသင်းသည် ဩဂုတ်လတွင် ယှဉ်ပြိုင်မည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အာရှထိပ်တန်းကလပ်အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် မြန်မာကစားသမားများ အနေဖြင့် အတွေ့အကြုံကောင်းများ ရယူနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်က ပထမအကြိမ် လက်ခံကျင်းပခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း လေ့ကျင့်နေစဉ်။

**ပေး၍မကုန်နိုင် လှူ၍မခန်း ဇောတိက ဝါဆိုသင်္ကန်း**

တရုတ်စိုင်စိန်ရှုံ L ဆိုဒ် (မိုးမိုး) ၁၂၀၀၀ | အင်ဒိုနိုင်ငံသယ် L ဆိုဒ် (ဂျာပြတ်မါးနွဲ) ၂၀၀၀၀ | သင်္ကန်းသိုင်း(ဘိုမ-၃၃၃) L ဆိုဒ် (ဂျာပြတ်မါးနွဲ) ၃၈၀၀၀
ကိုရီးယားစိုင်စိန်ရှုံ L ဆိုဒ် (မိုးမိုး) ၁၃၀၀၀ | ပုဗ္ဗာချည်ပိုင် (ပိန္နဲ) L ဆိုဒ် (ဂျာပြတ်မါးနွဲ) ၂၆၀၀၀ | သင်္ကန်းသိုင်း(ဘိုမ-၃၃၃) LL ဆိုဒ် (ဂျာပြတ်မါးနွဲ) ၄၁၀၀၀
ကိုရီးယားစိုင်စိန်ရှုံ L ဆိုဒ် (ဂျာပြတ်မါးနွဲ) ၁၅၀၀၀ | ဂျပန်စိုင်စိန်ရှုံ (ဘိုမ) L ဆိုဒ် (ဂျာပြတ်မါးနွဲ) ၃၀၀၀၀ | ဂျပန်မာတင်ရှုံ (ဘိုမ) L ဆိုဒ် (ဂျာပြတ်မါးနွဲ) ၃၈၀၀၀
စက်ဘူစိုင်စိန်ရှုံ L ဆိုဒ် (ဂျာပြတ်မါးနွဲ) ၁၇၀၀၀ | ဂျပန်စိုင်စိန်ရှုံ (ဘိုမ) LL ဆိုဒ် (ဂျာပြတ်မါးနွဲ) ၃၃၀၀၀ | ဂျပန်မာတင်ရှုံ (ဘိုမ) LL ဆိုဒ် (ဂျာပြတ်မါးနွဲ) ၄၁၀၀၀
ယိုးဒယားစိုင်စိန်ရှုံ L ဆိုဒ် (ဂျာပြတ်မါးနွဲ) ၂၀၀၀ | ဂျပန်လီနင်ရှုံ (လိပ်ပြာ) L ဆိုဒ် (ဂျာပြတ်မါးနွဲ) ၃၈၀၀၀ | ကြာရိုးချည်သင်္ကန်း (အင်းလေးကျိုင်းခမ်း) ၁ထည် ၂,၅၀၀,၀၀၀

"အဆင့်မြင့် အထူးစပါယ်ရှယ် ဝါဆိုသင်္ကန်းများ"
စုပေါင်း 999 ဂျပန်စိုင်စိ L ဆိုဒ် (၂ကြွတ်မါးနွဲ) ၆၀၀၀၀
စုပေါင်း CCC ကော်တွန်ချည်သား L ဆိုဒ် (၂ကြွတ်မါးနွဲ) ၇၀၀၀၀
စုပေါင်း 777 သင်္ကန်းသိုင်း L ဆိုဒ် (၂ကြွတ်မါးနွဲ) ၉၀၀၀၀
စုပေါင်း GGG ကော်တွန်ချည်သား L ဆိုဒ် (၂ကြွတ်မါးနွဲ) ၁၀၀၀၀၀
စုပေါင်း AAA ကော်တွန်ချည်သား L ဆိုဒ် (၂ကြွတ်မါးနွဲ) ၁၂၀၀၀၀
စုပေါင်း SSS ကော်တွန်ချည်သား L ဆိုဒ် (၂ကြွတ်မါးနွဲ) ၁၅၀၀၀၀

**ရန်ကုန်မြို့ပေါ်ရှိ ဇောတိက သင်္ကန်း ပင်ရင်းအရောင်းဆိုင်များ**

www.zawtika.com

ဇောတိက (၁) အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၀၅၈၁
ဇောတိက (၂) အမှတ်(၉၇)အေး ဘုန်းကြီးလမ်းအလယ် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၁၂၁၅၉
ဇောတိက (၃) ... ဇောတိက (၁၂)

Hot Line -01-8603129,09-253348646,09-799888667



**အာမခံစနစ်**
ထိုင်နီးအရှုယ်တစားဝစ္စည်းတစ်မျိုးတစား
မှန်ထန်မှုရှိပါသ
ဝိနည်းတရားတော်နှင့်အညီ ထည်နီးအခန်း
(၅)ခန်း၊ (၅)ခွဲ၊ (၅)ဖြတ် ဖြစ်စေရန်ထည်နီးလျှာ
ဝိတ်စရားထို ခါးဖြင့်ဖြတ်တောထိပြီး ဝိတ်စ
(၉)စဖြင့် အခန်းခွဲချုပ်လုပ်ထားဝါ၍
မှန်ထန်မှုရှိပါသ
ဝယ်ယူထည့်တန်ဖိုး(၃)ဆ ပြန်ပေးပါမည်။
တစ်နှစ်အတွင်းထည်နီးချုပ်ရိုး တစ်ကြောင်း
ပြတ်လျှပ်အရိုးတူ ထည်နီးအသစ်တစ်ခု
ပြန်လည်အစားပေးသည့် ချုပ်ရိုးချုပ်ထား
အာမခံစနစ်ဖြစ်ပါသည်။

ရန်ကင်း-မိုးကောင်း၊ ကမ္ဘာအေး၊ သာကေတ-ဒေါပုံ(ရန်ကုန်ပင်မဆိုင်ခွဲများ)နှင့် နေပြည်တော်၊ ပျဉ်းမနား၊ ဂုဏ-မန္တလေးပင်မဆိုင်ခွဲတို့ကိုဖွင့်လှစ်လိုက်ပါပြီ။